# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ စနေနေ့။ Saturday, 1 April 2023 ၁၁၀၅၇


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ လောကာနန္ဒာစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃၁

ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မင်းပြားမြို့ ပရိယတ္တိ ဓမ္မိကာရာမစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာစရိယ မင်းပြားဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ယခင်နှစ်ထက် ပိုမိုရရှိအောင်ဆောင်ရွက်

စာမျက်နှာ » ၉

ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဘဏ်များ၏ ဗဟိုဘဏ်ရှိ အပ်နှံငွေသည် ၃၅ ရာခိုင်နှုန်းတိုးတက်

စာမျက်နှာ » ၁၁

မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီပြောင်းလဲတပ်ဆင်ကြရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်

စာမျက်နှာ » ၁၅

ကြေးမုံ

# လူကုန်ကူးမှု ထိရောက်စွာတိုက်ဖျက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်

လူအချင်းချင်း စာနာထောက်ထားမှုလုံးဝမရှိ မေတ္တာတရားခေါင်းပါးစွာဖြင့် သားကောင်သဖွယ်ဆက်ဆံသော အပြုအမူသည် လူကုန်ကူးခြင်းဖြစ်သည်။ လူကို ရောင်းဝယ်ဖောက်ကားခြင်း သို့မဟုတ် ကုန်သွယ်မှုအဖြစ် သဘောထားခြင်း သို့မဟုတ် ကျွန်စနစ်အဖြစ် သွတ်သွင်းခြင်းလက္ခဏာများသည် လူကုန်ကူးခြင်း သို့မဟုတ် လူမှောင်ခိုကူးခြင်းဖြစ်သည်။ လူကုန်ကူးခြင်းနှင့် လူမှောင်ခိုကူးခြင်း သည် သဘောသဘာဝတူသော်လည်း အသွင်သဏ္ဌာန်မှာ ကွဲပြားခြားနားသည်။

လူမှောင်ခိုကူးခြင်းတွင် လူအများသည် လူမှောင်ခိုကူးသူ၏ ဝန်ဆောင်မှုကို လုပ်ခတစ်ရပ်အတွက် မိမိတို့သဘောဆန္ဒအလျောက် တောင်းခံခြင်းဖြစ်ပြီး သွားမည့် နေရာရောက်သောအခါ လူမှောင်ခိုကူးခံရသူသည် သူ၏ကိုယ်ပိုင်လမ်းကြောင်းရှာရန် လွတ်လွတ်လပ်လပ်ဖြစ်လေ့ရှိသည်။ လူကုန်ကူးခံရသည့် သားကောင်များသည် ထွက်ခွာရန် ခွင့်ပြုခြင်းမခံရဘဲ အလုပ်လုပ်ရန် သို့မဟုတ် ခေါင်းပုံဖြတ်ခံရပြီး အလုပ်တစ်မျိုးမျိုးကို ပြုလုပ်ပေးရသည်။ လုပ်ခအနည်းငယ် သို့မဟုတ် လုံးဝမပေး ခြင်း သို့မဟုတ် အလွန်အကျွံခေါင်းပုံဖြတ်ခံရလေ့ရှိသည်။ ဆိုးရွားသောပုံစံမှာ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသည့်အပြင် နှိပ်စက်ညှဉ်းပန်းခြင်းများကိုလည်း ခံရလေ့ရှိသည်။

ထို့ကြောင့် လူကုန်ကူးခြင်းသည် ကြီးလေးသောပြစ်မှုကို ကျူးလွန်ခြင်းဖြစ်၍ နိုင်ငံများက ထိရောက်စွာ တိုက်ဖျက်လျက်ရှိသည်။ လူကုန်ကူးခြင်းကို ခေါင်းပုံဖြတ် ရန်ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်းနည်းလမ်းများ သို့မဟုတ် အင်အားသုံးခြင်း၊ အကျပ်ကိုင်စေခိုင်းခြင်း၊ ဖြားယောင်းခေါ်ဆောင်ခြင်း၊ လိမ်လည်ခြင်း၊ လှည့်စားခြင်း၊ အာဏာအလွဲသုံးစားလုပ်ခြင်း သို့မဟုတ် အင်အားချည့်နဲ့စေသည့်ပုံစံများ သို့မဟုတ် လူတစ်ဦးအပေါ်တွင် ထိန်းချုပ်မှုရှိသော ငွေပေးချေခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ လက်ခံရယူခြင်း စသည့်နည်းလမ်းအမျိုးမျိုးဖြင့် လူသစ်စုဆောင်းခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ လူများကိုလက်ခံထားခြင်း ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

လူကုန်ကူးခြင်းသည် ကမ္ဘာပေါ်တွင် အလျင်အမြန်ကြီးထွားလာသော ရာဇဝတ် မှုလုပ်ငန်းဖြစ်ပြီး နှစ်စဉ် လူသားများအား လူကုန်ကူးရာမှရရှိငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံမှ ကိုးဘီလီယံအတွင်းရှိသည်ဟု သက်ဆိုင်ရာက ခန့်မှန်းထားသည်။ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၂၇ နိုင်ငံမှ လူဦးရေ နှစ်သန်းခွဲနီးပါး လူကုန်ကူးခံရသည် ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ လူကုန်ကူးခံရသောနိုင်ငံများတွင် မြန်မာ နိုင်ငံလည်းပါဝင်ပြီး အထူးသဖြင့် မိန်းကလေးငယ်များနှင့် ကလေးသူငယ်များ အဖြစ်များသည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို နိုင်ငံတကာ နှင့်ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှု၏ ဦးတည်လမ်းကြောင်းသည် ပြည်ပနိုင်ငံများဖြစ်ပြီး ယခုအခါ ပြည်ပတွင်သာမက ပြည်တွင်း၌ပါ နိုင်ငံဖြတ်ကျော်မှုခင်းများ ပေါ်ပေါက်လာသည်။ မြန်မာနိုင်ငံသားများအနေဖြင့် ဝင်ငွေရရှိမှုအတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် အခြားပြည်ပနိုင်ငံများသို့ တရားမဝင်/တရားဝင် ရွှေ့ပြောင်း သွားလာ အလုပ်လုပ်ကိုင်သူများ တစ်နေ့တခြားများပြားလာသည်။ တရားမဝင် သွားရောက်သူများကို နယ်စပ်ဒေသများတွင် တားဆီးပညာပေးပြီး နေရပ်သို့ ပြန်လည်စေလွှတ်ပေးရမှုများရှိသည်။ ရွှေ့ပြောင်းသွားရောက်သူများသည် မြန်မာ နိုင်ငံအတွင်းပိုင်းဒေသများမှ လာရောက်သူများဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အချင်းချင်း ဆက်စပ်နေသည့် စစ်ဆေးရေးဂိတ်များ၌ ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်နိုင်မှသာ တရားမဝင်သွားရောက်ခြင်း၊ လူမှောင်ခိုကူးခြင်း၊ လူကုန်ကူးခြင်းတို့ကို နယ်စပ်မရောက်မီ နိုင်ငံအတွင်းမှာပင် အချိန်မီတားဆီးဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံခြားသားများလည်း ကွန်ပျူတာ၊ နည်းပညာနှင့်ဆက်စပ်သည့် အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် လစာကောင်းသည့်အလုပ်ရမည်ဟု စည်းရုံး၍ လိမ်လည်ခေါ်ယူမှုများကြောင့် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မြန်မာ နိုင်ငံနယ်စပ်မြို့များသို့ တရားမဝင်ရောက်ရှိလာခဲ့သည်။ မြန်မာနိုင်ငံတွင် ဒုက္ခ အခက်အခဲကြုံတွေ့နေရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာသံရုံးများမှ တစ်ဆင့် အကူအညီတောင်းခံလာသဖြင့် နိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာကာ ဒုက္ခရောက်နေသောနိုင်ငံခြားသားများကို ရှာဖွေကယ်တင်နိုင်ခဲ့ပြီး ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့မှု ရလဒ်များပင်ဖြစ်သည်။

သို့ဖြစ်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက်ပြည်သူလူထု၏ ပူးပေါင်းကူညီမှုသည် အရေးပါသည့်အပြင် နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းချိတ်ဆက်၍ အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရွှေတိဂုံစေတီတော်၌ အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



ရန်ကုန် မတ် ၃၁

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော်ရင်ပြင် အရှေ့ဘက်ရှိ ရေကြည်တော်ဝတ်အသင်း တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသိန်းထွဋ်မောင်က သင်တန်းပြီးမြောက်အောင်မြင်မှု ဝမ်းမြောက်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် သင်တန်းနည်းပြ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဟန်က သင်တန်းသင်ကြားပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က သင်တန်းနည်းပြ ဆရာကြီးနှင့် ဆရာမကြီးတို့ကို ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီး ဆုရရှိသောသင်တန်းသားများကို ဆုလက်ဆောင်များချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး ဝန်ထမ်းများက စေတီတော်ကြီး၏ ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်နိုင်စေရန်နှင့် အများပြည်သူနှင့်ဆက်ဆံပြောဆိုရာတွင် ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ မတ် ၂၀ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၁ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁၂ | ၉၆,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၀၀ | ၂၈ | ၈၆,၇၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၅ | ၃၆,၅၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၁၄၀ | ၂၁၀,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၀၁ | ၅၀၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၃၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၅၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၄၃၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၅.၉၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၃၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၅.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၉.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၅.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၈၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ မင်းပြားဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သဗ္ဗညုဘုရားရှင်အား ရည်မှန်း၍ ရတနာစိန်ဖူးတော်ကို ဆရာတော်ထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ရတနာစိန်ဖူးတော်အား ပရိတ်နံ့သာရည် ပက်ဖျန်းကြစဉ်။

❂ ရွှေဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင် ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**ရွတ်ဆိုပွားများ**

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လင်္ကာတို့ကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက မင်းပြားဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွား ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လောကာနန္ဒာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင် တားဆီးကာရံကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်း၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက် အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စစ်တွေမြို့ ဓမ္မသုခ ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ **စာမျက်နှာ ၄ သို့** ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

✪ စာမျက်နှာ ၃ မှ
ငှက်မြတ်နားတော်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မဟာမင်္ဂလာမဏ္ဍပ်တော်ကြီးရှေ့ရှိခေတ္တ အပူဇော်ခံနေရာသို့ ပို့ဆောင်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ယင်းနောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီး အတွက် အလှူငွေပေးအပ်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကိုဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သိန်းခိုင် တို့က လက်ခံရယူကြသည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ယင်းနောက် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်၍စကြာမုနိ သိမ်တော်မြတ်ကြီးနှင့် စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး အတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အခမ်းအနားများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည်

စာမျက်နှာ ၅ သို့ ✪



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် လောကာနန္ဒာ စေတီတော်မြတ်ကြီး အထွတ်သို့ ပင့်ဆောင်ကြစဉ်။





ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက ငှက်မြတ်နားတော်ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ လောကာနန္ဒာ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြစဉ်။

❂ စာမျက်နှာ ၄ မှ

ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

**တင့်တယ်သပ္ပာယ်စွာတည်ရှိ**

အဆိုပါ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာ စေတီတော်မြတ်ကြီးသည် စစ်တွေမြို့ ရဲနွယ်စုရပ်ကွက် မေယုလမ်းနှင့် သတ္တုဌာနလမ်းဆုံ၌ တင့်တယ်သပ္ပာယ်စွာ တည်ရှိလျက်ရှိပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသည့် စေတနာရှင်၊ အလှူရှင်များက ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ တည်ထားကိုးကွယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကာ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားနှင့် မတ် ၂ ရက်တွင် စေတီတော်ကြီး အနေကဇာတင်အခမ်းအနားတို့ကို ကျင်းပပြီးစီးခဲ့ကြောင်း၊ **“လောကာနန္ဒာ”** ဟူသည့် အဓိပ္ပာယ်မှာ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတို့၏ ကိုးကွယ်ဆည်းကပ်ပူဇော်ရာဟူ၍ အဓိပ္ပာယ်ရကြောင်းနှင့် စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် ၁၀၈ တောင်၊ ပေအားဖြင့် ၁၆၂ ပေ၊ အချင်း ၂၃၂ ပေ၊ ရင်ပြင်တော်အကျယ် ၄၅၉ ပေရှိပြီး အရံစေတီတော် ရှစ်ဆူရှိကြောင်း၊ စေတီတော်၏ မုခ်ပေါက် လေးဖက်ကို ရှေးဟောင်းရခိုင်လက်ရာပုံစံများနှင့် ကျောက်ကို ထွင်းဆစ်ပြုလုပ်ထားပြီး အတွင်းနံရံလေးဖက်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ် ၅၅၀ ဇာတ်နိပါတ်တော်များကို မြန်မာမှု ပန်းတမော့လက်ရာ ရုပ်လုံး၊ ရုပ်ကြွများဖြင့် ကျောက်ဆစ်အနုလက်ရာ ပြောင်မြောက်စွာ ထွင်းထုထားရှိကြောင်း၊ လိုဏ်ဂူတော် အတွင်းတွင် အရပ်လေးမျက်နှာသို့ မျက်နှာမူနေသည့် ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ ဂေါတမဘုရားရှင်တို့၏ ကြေးသွန်းဆင်းတုတော် လေးဆူမှာ ရခိုင်ရှေးခေတ်လက်ရာပုံစံများဖြင့် ထုဆစ်ထားသည့် ကျောက်သားပလ္လင်များပေါ်တွင် သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူလျက်ရှိကြောင်း၊ စေတီတော်ကြီးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ စေတနာရှင်၊ အလှူရှင်များက ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ကြကြောင်း၊ ယခုအခါတွင်လည်း စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ခုနစ်ရက်သားသမီး စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ စေတီတော်ကြီး အတွင်းလိုဏ်အပါအဝင် ဘက်စုံပြုပြင်မွမ်းမံခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တင်လှူပူဇော်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို လောကာနန္ဒာ စေတီတော်မြတ်ကြီး အထွတ်၌ တင်လှူပူဇော်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လောကာနန္ဒာစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများဖြစ်

## လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီး ကျွမ်းကျင်ကြသူများ ဖြစ်သဖြင့် မိမိတာဝန်ထမ်းဆောင်ရသည့် ဒေသနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် မတ် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများဖွင့်လှစ်မှုနှင့်ပညာရည်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းများဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်နေမှု၊ လျှပ်စစ်ကဏ္ဍတိုးတက်ရေးဆောင်ရွက်ထားရှိမှု၊ လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိမှုနှင့် တိုးချဲ့ပြေးဆွဲပေးရန်လိုအပ်မှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများနှင့် လျှိုပိတ်ဆည်များ တည်ဆောက်ထားရှိမှု၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ သမဝါယမစနစ်ဖြင့် ဒေသန္တားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်နိုင်မှု၊ စစ်တွေကွန်ပျူတာတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်တို့တွင် ကျောင်းသားကျောင်းသူ အဆောင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အချို့ဆေးရုံများကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ စိုက်ပျိုးရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်စေရေး၊ သွင်းအားစုများ လုံလောက်စွာရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ရခိုင်ပြည်နယ်အတွင်း ရေအရင်းအမြစ်ထိန်းသိမ်းနိုင်ရေးအတွက် သောင်တူးဖော်ရေးလုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲပေးစေလိုမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သို့ လေကြောင်းလိုင်း ငါးလိုင်း ပြေးဆွဲပေးလျက်ရှိပြီး အမှန်တကယ်လိုအပ်ချက်အပေါ်မူတည်၍ တိုးချဲ့ပြေးဆွဲပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကာ ခရီးသည်တင်ရေယာဉ်များကိုလည်း ပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရထားစီးနင်းသူများ ပိုမိုများပြားလာသည့်အတွက် ရထားတွဲများ တိုးချဲ့ပြေးဆွဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူများ၏ အခွင့်အလမ်းများ ပိုမိုရရှိရေး၊ နည်းပညာများ၊ လိုအပ်သည့် စက်ကိရိယာများ ရရှိစေရေး၊ လုပ်သားများရှားပါးမှုအပေါ် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ရန် မြေအသုံးချခွင့်များ၊ လုပ်ငန်းလုပ်ကိုင်ခွင့်များကို ပြည်နယ်အစိုးရမှ စိစစ်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးရန်လိုအပ်မှု၊ သစ်တောသယံဇာတများ တရားမဝင်ထုတ်ယူသုံးစွဲနေမှုများကို ဝိုင်းဝန်းကာကွယ်တားဆီးကြရန်နှင့် သစ်တောသစ်ပင်များကို ထိန်းသိမ်းကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူမှု၊ ပန်းခင်းစီမံချက်ဆောင်ရွက်မှုတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ အပါအဝင် စက်ပစ္စည်းကိရိယာများကို ဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့် ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာများကို ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်မှုတို့နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

### နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီး ကျွမ်းကျင်ကြသူများဖြစ်သဖြင့် မိမိတာဝန်ထမ်းဆောင်ရသည့် ဒေသနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကိုသစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ်သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်**ကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့်အစိုးရဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ ဆောင်ရွက်ကြစေလိုပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဟု ပြဋ္ဌာန်းထားပြီး ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ★

★ **ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကိုသစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ်သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်**

★ **မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့်အစိုးရဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ ဆောင်ရွက်ကြစေလိုပြီး နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ ကမ်းခြေတစ်လျှောက် သဲဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ရန် စီမံဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

★ **စာမျက်နှာ ၆ မှ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အစိုးရဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လူထုအကျိုးပြုအောင် ဆောင်ရွက်နိုင်မည်၊ တိုင်းပြည်အတွက် အကျိုးပြုအောင်ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများအောင်မြင်စေရန်အတွက် မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း။

## နိုင်ငံရေးရည်မှန်းချက်

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်တွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ **ဒီမိုကရေစီဟူသည်မှာ ဥပဒေ စည်းမျဉ်းစည်းကမ်းနှင့်အညီ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟုဆိုသော်လည်း ဥပဒေနှင့် အညီသာဆောင်ရွက်ရမည်ဖြစ်ပြီး "လူညီရင် ဤကို ကျွဲဖတ်သည်" ဟူသည့် ပုံစံမျိုး သွား၍မရ**ကြောင်း၊ ဖက်ဒရယ်စနစ်ဟူသည်မှာ အဆင့်ဆင့်လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် လျော်ကန်သင့်မြတ်သည့် အုပ်ချုပ်မှုအာဏာကို ခွဲဝေပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသည့်အချိန်တွင် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆောင်ရွက်ရမည်များကို ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဇယား(၁၊၂၊၃၊၅) ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတို့မှ ပြဋ္ဌာန်းရမည့် ထုတ်ပြန်ရမည့်ဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာ ဆောင်ရွက်နိုင်မှု မရှိသေးသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်အုပ်ချုပ်မှုအာဏာခွဲဝေမှုအားလုံးကို အကောင်အထည်ဖော်နိုင်သမျှ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို အခြေခံ၍ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အတွက် အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့**ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) သည်ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားသည့်ဥပဒေဖြစ်ပြီး ပြည်သူတို့အပေါ်ထားရှိသည့် ကတိကဝတ်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြားထားရှိခဲ့သည့် ကတိကဝတ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## အမျိုးသားရေး ရည်မှန်းချက်

အမျိုးသားရေးရည်မှန်းချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းပင်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံရေးသည် အရေးကြီးပြီး နေရေး၊ ဝတ်ရေးနှင့် စားရေးပြည့်စုံနေရန်လိုကြောင်း၊ စစ်တွေမြို့တွင်ရေလုံလောက်စွာရရှိရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်သည် မိုးရွာသွန်းမှု များပြားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စားရေရိက္ခာဟူသည့် စကားရပ်တွင် ရိက္ခာဟူသည်မှာ တိုက်ရိုက်စားကုန်မဟုတ်သည့် ပစ္စည်းများပင်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း စားရေရိက္ခာများ ပြည့်စုံအောင် ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံတိုးတက်မှုများ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် လုပ်ဆောင်မှုများကို တားဆီးကာကွယ်ရန်လိုကြောင်း။

တည်ငြိမ်အေးချမ်းမှုဆိုရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများရှိသကဲ့သို့ တိုင်းရင်းသားရေးအရ၊ လူမျိုးရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများရှိကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများမှာ လွတ်လပ်ရေးနှင့်အတူပါရှိလာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားရေးရာအရ သဘောထားကွဲလွဲမှုများသည်လည်း တိုင်းရင်းသားဒေသများတွင် အခွင့်အရေးတန်းတူညီမျှမှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကိုတန်းတူပေးအပ်ထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးကို တူညီသည့်အဆင့်များပေးအပ်ထားကြောင်း၊ ဒေသအလိုက်တူညီသည့် အခွင့်အရေးများ ပေးထားခြင်းကြောင့် တိုင်းရင်းသားရေးအရသဘောထားကွဲလွဲမှုအပေါ် အမြင်ရှင်းရန်လိုကြောင်း။

**စာမျက်နှာ ၈ သို့** ★

**☆ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားသည့် ဥပဒေဖြစ်ပြီး ပြည်သူတို့အပေါ်ထားရှိသည့် ကတိကဝတ်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)သည်လည်း အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြားထားရှိခဲ့သည့် ကတိကဝတ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

★ စာမျက်နှာ ၇ မှ

### ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်

မိမိတို့အနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရာတွင် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ၊ ဘင်းစတက်စ်အဖွဲ့ဝင်နိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံမှုကောင်း ရှိရမည်ဖြစ်သကဲ့သို့ မိမိတို့အပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ **နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရည်ရွယ်၍ ရိုးသားစွာဖြင့် မိမိတို့နှင့် လာရောက်ဆွေးနွေးမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထားပါ**ကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမည်ဆိုပါက တိုးတက်ဖွံ့ဖြိုးမှုများကို ယခုထက် ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ **တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကောင်းကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အခြေခံဆောင်ရွက်ရမည့် အချက်နှစ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တို့ပင်ဖြစ်**ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၌ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ပါရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံမှ စတင်၍ အခြေခံရေးဆွဲလာခြင်းဖြစ်၍ ဆယ်စုနှစ် သုံးစု ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ ပြင်ဆင်သင့်သည်များကို အခြေခံဥပဒေနှင့်အညီ ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၌လည်း အားလုံးက သဘောတူညီထားသည့် နိုင်ငံရေး၊ လူမှုရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အခြေခံကောင်းများပါရှိပြီးဖြစ်ကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ရန်လိုအပ်ကြောင်း၊ **ငြိမ်းချမ်းရေးကို လိုလားသည့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုမဆို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထား**ကြောင်း၊ မိမိကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါကြောင်း၊ **နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားများအကျိုးကို ကြည့်ရှု၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လို**ကြောင်း။

### တရားဥပဒေ စိုးမိုးရေး

တရားဥပဒေစိုးမိုးရေးကို လူတိုင်းလိုလားကြပြီး မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီကို လျှောက်လှမ်းရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အမှုအခင်းဖြစ်ပွားမှုများပြားသည်ကို အချက်အလက်များအရ တွေ့မြင်ရပြီး တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေနှင့်အညီ စနစ်တကျရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### လူသားအရင်းအမြစ်ကောင်းများရရှိရေး ပညာရေး အားပေးမြှင့်တင်

ရခိုင်ပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှုများလည်း နည်းပါးသည်ကိုတွေ့ရှိရကြောင်း၊ ပညာရေးမှာ ကွာဟချက်ကြီးမားနေကြောင်း၊ ပညာရေးအားနည်းပါက အသိအမြင်နှင့် အတွေးအခေါ်များသည်လည်း အားနည်းလာမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်းနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးမှာ လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သည် ပဥ္စမတန်းအောက်သာ ရှိသည့်အတွက် နိုင်ငံအတွက် အန္တရာယ်ရှိသည့် အနေအထားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တစ်နိုင်ငံလုံး၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် KG + 9 အထိ မသင်မနေရစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ အသိပညာနှင့် အတတ်ပညာများ အားနည်းချက်ရှိခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အားနည်းချက်များ ဖြစ်ပေါ်နိုင်ကြောင်း၊ ရခိုင်ပြည်နယ်သည် ကောင်းမွန်သည့် ရေခံမြေခံများကို ပိုင်ဆိုင်ထားရှိကြောင်း၊ အဆိုပါ **အရင်းအမြစ်ကောင်းများကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ အောင်မြင်ပြီးသူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် နည်းပညာသိပ္ပံများသို့ ဆက်လက်တက်ရောက်နိုင်ပြီး ၎င်းမှတစ်ဆင့် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြား ပြီးဆုံးချိန်တွင် သက်ဆိုင်ရာပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချရန် လိုကြောင်း။

### စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်

စီးပွားရေးမြှင့်တင်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်တွင် စီးပွားရေးအရ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေအတွက် လိုအပ်သည့် ရေများရရှိစေရေး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်၍ရနိုင်သကဲ့သို့ မြေအောက်ရေဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်း စပါးစိုက်ပျိုးမှုများကို အောင်မြင်အောင်၊ ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သီးထပ်၊ သီးညှပ်များ စိုက်ပျိုးရာတွင် ပဲတီစိမ်းနှင့်မတ်ပဲများကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်ပပို့ကုန်ရရှိပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စနစ်တကျမွေးမြူဆောင်ရွက်နိုင်မှု မရှိသဖြင့် ထိုက်သင့်သလောက် တိုးတက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးထုတ်ကုန်များကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ငါးပုစွန်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများမှ ငါးပုစွန် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း။

**❖ ရခိုင်ပြည်နယ်အတွင်း ငါးပုစွန်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပြီး ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ်**

**❖ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်**

**❖ ဒေသခံတိုင်းရင်းသားပြည်သူများမှ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဆောင်ရွက်ပေးကြစေလို**

### စည်းကမ်းစနစ်တကျရှိစေရေး

နယ်စပ်ကုန်သွယ်မှုနှင့် ပတ်သက်၍လည်း စည်းကမ်းစနစ်တကျ ကုန်စည်တင်ပို့မှုများကို ဆောင်ရွက်ရန်လိုပြီး တရားမဝင်ကုန်သွယ်မှုများ ဖြစ်နိုင်သဖြင့် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအနေဖြင့် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို အသုံးပြုဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ စီးနင်းမှု၊ ရောင်းဝယ်မှုများ မရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ လိုင်စင်မဲ့ယာဉ်များ စီးနင်းခြင်း၊ ရောင်းဝယ်ခြင်းများကြောင့် နိုင်ငံ၏အခွန်ငွေများ ဆုံးရှုံးလျက်ရှိကြောင်း၊ ယာဉ်မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ လိုင်စင်နံပါတ်ပြား လဲလှယ်ခြင်းများကိုလည်း မတ်လကုန်အစား ဧပြီလအတွင်း နောက်ဆုံးဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သွားလာမှုစည်းကမ်းနှင့်ပတ်သက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလိုက်နာမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ လမ်းများသည်လည်းလမ်းအင်္ဂါရပ်နှင့် ညီညွတ်မှုမရှိသည်များကိုလည်း တွေ့ရကြောင်း၊ လမ်းများပေါ်၌ စည်းကမ်းမဲ့ဈေးရောင်းချခြင်းများ ရှိသည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိမှုကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် ဆောင်ရွက်ကြစေလိုကြောင်း။

မြို့ကွက်များတိုးချဲ့ရာတွင်လည်း မြို့အင်္ဂါရပ်များနှင့် ညီညွတ်စေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ရန် လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပူပြင်းသည့်ဒေသဖြစ်သည့်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များ စိုက်ပျိုးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြစေလိုကြောင်း။

### ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ရခိုင်ပြည်နယ်သည် ခရီးသွားလုပ်ငန်းအတွက် အလားအလာများစွာရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ငပလီကမ်းခြေကဲ့သို့ ကမ္ဘာကျော်ကမ်းခြေများ ရှိသကဲ့သို့ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသလည်းရှိကြောင်း၊ ဒေသတွင်း သာယာလှပရေး၊ တည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဆိုပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသအတွက်ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လေယာဉ်ကွင်းများ တိုးချဲ့ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူချိန် ကာလအတွင်း ရနိုင်သမျှဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်သည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ထွန်းနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းဦးတို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ရှုခင်းသာလမ်းတစ်လျှောက်တွင် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန်အတွက် ကမ်းခြေတစ်လျှောက်သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီမံဆောင်ရွက်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆင္ဒမအကြိမ် မိတ်ဆုံစားပွဲကျင်းပ





**နေပြည်တော်  မတ်  ၃၁**

နိုင်ငံတော်အစိုးရ၏ယန္တရား ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော ဝန်ထမ်းများကို မိသားစုသဖွယ် အသိအမှတ်ပြုသောအားဖြင့် မိတ်ဆုံနေ့လယ်စာ စားပွဲများကို လစဉ် ကျင်းပပေးလျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဆင္ဒမအကြိမ် မိတ်ဆုံနေ့လယ်စာစားပွဲကို ကျင်းပသည်။

အဆိုပါ မိတ်ဆုံနေ့လယ်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ရင်းနှီးခင်မင်စွာ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ယခင်နှစ်ထက် ပိုမိုရရှိအောင်ဆောင်ရွက်

**နေပြည်တော်  မတ်  ၃၁**

၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များမှ အုပ်ချုပ်/နည်းပြ၊ အားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အိမ်ရှင်နိုင်ငံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အားကစားနည်း ၄၀ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး အချို့အားကစားနည်းများကို တရုတ်နိုင်ငံတွင်လည်း (Joint Training) ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြင့် ကြိုတင်ပြင်ဆင် လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲသုံးပစ္စည်းများနှင့် ပြိုင်ပွဲဝင်ဝတ်စုံများ၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများကို လိုအပ်ချက်များမရှိအောင် အဘက်ဘက်မှ ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးထားကြောင်း၊ အားကစားသမားများအား စိစစ်ရွေးချယ်ရာတွင် သတ်မှတ်စံနှုန်းအတိုင်း စံချိန်စံညွှန်းကောင်းမွန်ပြီး ထူးချွန်သည့် အကောင်းဆုံးအားကစားသမားများကိုသာ အားကစားနည်းအလိုက် ရွေးချယ်ရေးအဖွဲ့များဖြင့် မှန်မှန်ကန်ကန် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခြင်းမခံရသည့် အားကစားသမားများအနေဖြင့် မိမိထက် အရည်အချင်းပြည့်ဝပြီး ထူးချွန်သူများကို တာဝန်ရှိသူများက စနစ်တကျ မှန်မှန်ကန်ကန် စိစစ်ရွေးချယ်ခဲ့မှုများအပေါ် စိတ်ပျက်အားငယ်ခြင်းမပြုဘဲ နောင်လာမည့်ပြိုင်ပွဲများတွင် ပိုမိုကောင်းမွန်ထူးချွန်သည့် အားကစားသမားများဖြစ်အောင် အစွမ်းကုန် ပြန်လည်ကြိုးစား လေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်းခံထားရသည့် အားကစားသမားများကလည်း နိုင်ငံ့ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် နောက်ဆုံးအချိန်ထိ မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားသွန်ခွန်စိုက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်လိုကြောင်း၊ တားမြစ်ဆေးဝါးသုံးစွဲခြင်းသည် နိုင်ငံ့ဂုဏ်သိက္ခာကိုထိခိုက်စေပြီး ဆုတံဆိပ်ရရှိမည့် အခွင့်အရေးဆုံးရှုံးနိုင်သည့်အတွက် မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက်ပါ ဆုံးရှုံးနစ်နာနိုင်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားအဖွဲ့များအားလုံး တားမြစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး အုပ်ချုပ်/နည်းပြများအနေဖြင့် အားကစားသမားများအား အနီးကပ် ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးစားခဲ့မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတော်က အောင်မြင်မှုဆုတံဆိပ်ရရှိခဲ့သူများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ လာမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ယခင်နှစ်ထက် ပိုမိုရရှိအောင် ဆောင်ရွက်ကြရမည့်အပြင် နိုင်ငံအလိုက် အဆင့်တက်အောင် ပိုမိုကြိုးစားယှဉ်ပြိုင်ခဲ့ကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည့်အတွက် အားကစားသမားများအနေဖြင့် ရွှေတံဆိပ်ဆုများ ပိုမိုရရှိအောင် အစွမ်းကုန် ကြိုးစားအားထုတ်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နည်းပြများအနေဖြင့် အားကစားသမားများက ယုံကြည်အားကိုးလေးစားမှုရှိသည့် နည်းပြဆရာကောင်းများဖြစ်အောင် ပြုမူနေထိုင်ပြောဆို၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားသမား မောင်မယ်များအနေဖြင့် မိမိကိုယ်ကို ဂုဏ်ယူစွာဖြင့် နေထိုင်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ အားကစားအဖွဲ့များအားလုံး အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးနိုင်အောင် အစွမ်းကုန်ကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းပြောကြားသည်။



အဆိုပါ အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ပြိုင်ပွဲဝင်အုပ်ချုပ်/နည်းပြ၊ အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဆင်းပွဲ ကျင်းပ

**နေပြည်တော်  မတ်  ၃၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သည့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ရုံးစာများ ကွန်ပျူတာစာစီရာတွင် အသုံးဝင်သည့် အခြေခံ Microsoft Word, Excel, Power Point များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ရုံးလုပ်ငန်းများကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများ၊ အသိပညာ၊ အတတ်ပညာများကို လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် ပြန်လည်အသုံးချရန်လိုကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် IT ခေတ်ဖြစ်သည့်အတွက် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန်နှင့် မိမိတို့၏ အရည်အချင်းများ အစဉ်တိုးတက်နေအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာ သင်ယူကြရမည်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် ပညာရပ်များနှင့် ဗဟုသုတများကို လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများကို ပြန်လည်မျှဝေပြီး မိမိဌာနတိုးတက်ရေးအတွက် စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်က အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းသား သင်တန်းသူ နှစ်ဦးအား သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ပြီး အဆိုပါသင်တန်းကို မတ် ၂၀ ရက်မှ ၃၁ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်း

**နေပြည်တော် မတ် ၃၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ကျင်းပသည့် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနကြီးမှူးများက ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဝန်ထမ်းများသက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မီတာခများကောက်ခံရရှိမှုနှင့်ပတ်သက်၍ ကျန်ရှိနေသည့် မီတာခကြွေးကျန်များကို ရာနှုန်းပြည့်ကောက်ခံရရှိရေး တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ အသက်အန္တရာယ်လုံခြုံရေး အထူးဂရုပြုဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေးနှင့် မသမာမှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် Losses များနေသည့် မြို့နယ်များတွင်လည်း Losses ကျဆင်းစေရေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖျက်ဆီးခံရမှုမရှိစေရန် လုံခြုံရေးပြည့်ပြည့်ဝဝရရှိစေရေး သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ တင်ပြဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ထမ်းဆောင်စဉ် အခက်အခဲရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြနိုင်သကဲ့သို့ ဝန်ထမ်းများနှင့်အနီးကပ်ရှိနေသော တာဝန်ရှိသူများကလည်း လိုအပ်သည့် အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ တိုင်း၊ ခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ပမှ ပြန်လည်ရောက်ရှိလာသော ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃၁**

ပညာရပ်နယ်ပယ်အလိုက် ဘဝတစ်သက်တာတွင်ဆည်းပူးရန် ကုန်ဆုံးသည်မရှိဘဲ အသစ်အသစ်သော လေ့လာဖော်ထုတ်တွေ့ရှိမှုများစွာကို မျက်ခြည်မပြတ် လေ့လာသင်ယူပြီး မိမိနှင့် မိမိပတ်ဝန်းကျင်တိုးတက်ရေးကို ကြိုးပမ်းကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသော ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် တိုက်တွန်းပြောကြားလိုက်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက အချို့ပညာရပ်များကို တိုက်ရိုက်အသုံးချနိုင်သကဲ့သို့ အချို့သော နည်းပညာများကို မိမိရေမြေရာသီဥတု အခြေအနေအရပ်ရပ်အပေါ် အခြေခံကာ အကောင်းဆုံးအသုံးချနိုင်ရေး တီထွင်ကြံဆဆောင်ရွက်ရမှုများရှိကြောင်း၊ မိမိတို့၏ လုပ်ငန်းနယ်ပယ်အလိုက် အတွေ့အကြုံကောင်းများနှင့် ကိုယ်ပိုင်အယူအဆသစ်များကို လုပ်ဖော်ကိုင်ဖက်များနှင့် မျိုးဆက်သစ်များကို မျှဝေလက်ဆင့်ကမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်သည့် လူသားအရင်းအမြစ်များ တိုးပွားလာရေးအတွက် တစ်ထောင့်တစ်နေရာက ပါဝင်အားထုတ်ကြရန်လည်း ထည့်သွင်းပြောကြားခဲ့သည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ပြည်ပမှ ပြန်လည်ရောက်ရှိလာသော ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြချက်များအပေါ် တက်ရောက်လေ့လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အခမ်းအနားသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် အမှုထမ်း၊ အရာထမ်းများ၏ ပြည်တွင်းပြည်ပသင်တန်းများတွင်တက်ရောက်၍ လေ့လာသင်ယူခဲ့မှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးချက်များ၊ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်းကို အသုတ်လိုက်ခွဲ၍ ကျင်းပဆောင်ရွက်ခြင်းဖြစ်ပြီး ရှင်းလင်းဆွေးနွေးတင်ပြချက်များကို မှတ်တမ်းပြုစုပြီး ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများနှင့် နည်းပညာရပ်ဆိုင်ရာလုပ်ငန်းများတွင် ကိုးကားချက်များအဖြစ် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီညီလာခံ ဒုတိယနေ့အစီအစဉ်များ ကျင်းပ

**နေပြည်တော် မတ် ၃၁**

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံကြက်ခြေနီညီလာခံ ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ညီလာခံဃာယီသဘာပတိ ပါမောက္ခဒေါက်တာအေးအောင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေး၊ အချိန်ပြည့်/အချိန်ပိုင်း အလုပ်အမှုဆောင်များ၊ ကောင်စီဝင်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၊ ညီလာခံကိုယ်စားလှယ်များ၊ လူငယ်ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် မိတ်ဖက် အမျိုးသားကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာညီလာခံဃာယီသဘာပတိ ပါမောက္ခ ဒေါက်တာအေးအောင်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်ထံသို့ ညီလာခံသဘာပတိလုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခု (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီ ညီလာခံတွင် ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ကောင်စီဝင်များအနေဖြင့် တာဝန်ထမ်းဆောင်ချိန် ကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကိုအလေးထားကာ အသင်းကြီး၏ ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းတာဝန်များကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကြက်ခြေနီအခြေခံမူများနှင့်အညီ အားလုံးအတူတကွ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးကို အစဉ်ရှေးရှု၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကိုခံယူပြီး ကြက်ခြေနီ ဗဟိုကောင်စီအဆင့်မှစ၍ မြို့နယ်၊ ရပ်ကွက်ကျေးရွာ အဆင့်ထိ အဆင့်တိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိထိမိမိ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမှ လှူဒါန်းမှုများကိုလည်း ကြက်ခြေနီအခြေခံမူ(၇)ချက်နှင့်အညီ ရပ်ရွာလူထုအတွက် အကျိုးရှိရှိ၊ စည်းစနစ်ကျကျ အသုံးပြုပေးရမည်ဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ အထူး အလေးထား လေးစားလိုက်နာ ဆောင်ရွက်ပေးကြရန် အလေးအနက် ပြောကြားလိုကြောင်း၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း အသင်းကြီးက ချမှတ်ထားသော မူဝါဒ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာကာ စည်းလုံးညီညွတ်စွာဖြင့်ကြက်ခြေနီ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် စည်းကမ်းတကျထိန်းသိမ်း ဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း၊ ယနေ့မှစ၍ ကြက်ခြေနီ၏ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများကို ညီညွတ်မျှတစွာဖြင့် အားလုံးပူးပေါင်းကာ အသင်းအဆင့်ဆင့်တိုင်းက တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ပွင့်လင်းမြင်သာစွာ အတူတကွဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး (၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဘဏ်များ၏ ဗဟိုဘဏ်ရှိအပ်နှံငွေသည် ၃၅ ရာခိုင်နှုန်းတိုးတက်

**နေပြည်တော် မတ် ၃၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍရှိ ငွေကြေးဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများ၊ နိုင်ငံခြားဘဏ်များနှင့် ငွေပေးချေမှု ကိစ္စရပ်များ၊ ငွေကြေးခဝါချမှုဆိုင်ရာ သတ်မှတ် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှု အခြေအနေများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် ပုဂ္ဂလိကဘဏ်များအကြား သုံးသပ်ဆွေးနွေးသည့် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိ ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပုဂ္ဂလိကဘဏ် များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ ဘဏ်လုပ်ငန်း ကဏ္ဍ၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် သုံးနှစ်တာကာလ အတွင်း တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ရာ ပုဂ္ဂလိကဘဏ်များ၏အပ်ငွေသည် ယခင်ဘဏ္ဍာနှစ် နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၄၂ ရာခိုင်နှုန်း၊ ချေးငွေ သည် ၇ ဒသမ ၈၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ Credit to GDP Ratio သည် ၂၈ ရာခိုင်နှုန်းရှိကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဘဏ်များ၏ ဗဟိုဘဏ်ရှိ အပ်နှံငွေသည် ၃၅ ရာခိုင်နှုန်းနှင့် ဘဏ်များ၏ လက်ဝယ်ရှိ ငွေသားလက်ကျန်ပမာဏသည် ၃၆ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ Interbank Market ရှိ ငွေကြေးလွှယ်ကူမှု Turnover သည် ကျပ် ၁၁၆၆ ဘီလီယံ၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၉၈ ရာခိုင်နှုန်း ခန့် တိုးတက်ခဲ့ကြောင်း၊ နိုင်ငံခြားဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအကြားတွင် ငွေကျပ်လွှယ်ကူမှု ပိုမိုမြင့်မားလာကြောင်း၊ ကုန်သွယ်မှုကဏ္ဍအတွက် လိုအပ်သည့် ကာလတို ငွေကြေးဖြည့်ဆည်းမှုများ အားကောင်းလာကြောင်း၊ စီးပွားရေးဖွံ့ဖြိုးလာမှုနှင့် လုပ်ငန်းလည်ပတ်မှုများ အားကောင်းလာသဖြင့် ဘဏ်များအနေဖြင့် ချေးငွေများပိုမို ကောက်ခံရရှိ လာပြီး ချေးငွေများပေါ် Restructuring and Rescheduling များ ဆောင်ရွက်ပေးခြင်းကြောင့်



ပိုမိုလုပ်သာကိုင်သာရှိလာသဖြင့် အရင်း/အတိုး ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေများ လျော့နည်း ကျဆင်းလာကြောင်း စသည့် ဘဏ်လုပ်ငန်းကဏ္ဍ အတွင်း ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် အခြေအနေ များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး နိုင်ငံခြားငွေနှင့်ပတ်သက်၍ ဗဟိုဘဏ်က သတ်မှတ်ပေးသည့် စည်းမျဉ်းများကို ဘဏ်များ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များလိုက်နာ စေရေး ၊ Export Earnings ပြန်မဝင်သည့် ကိစ္စရပ် များ စောင့်ကြည့်စစ်ဆေးနိုင်ရေး၊ လိုအပ်သည့် အထောက်အထားများ ရယူစစ်ဆေးနိုင်ရေး၊ KYC/ CDD နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့်အထက် ငွေလွှဲဝင်ရောက်ခြင်းများကို ဗဟိုဘဏ်သို့ သတင်း ပို့ရေး၊ သတင်းပို့ရန် ပျက်ကွက်ပေါ့လျော့မှုများကြောင့် ဆုံးရှုံးမှုများဖြစ်လာပါက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းဖြင့် အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) သို့ သတင်းပေးပို့ရမည့် စာရင်းများအား စနစ်တကျ စောင့်ကြည့်ပေးပို့သွားရန် လိုအပ်ကြောင်း၊ ဗဟို ဘဏ်အနေဖြင့် တိုင်းပြည်၏ ငွေကြေးကဏ္ဍကို နေ့စဉ်စောင့်ကြည့်လျက်ရှိပြီး မြင့်တက်လျက်ရှိသော ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းကျောင်းနိုင်ရန် အတွက် ငွေကြေးမူဝါဒနည်းလမ်းများအနက် မိမိ နိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေနှင့် လိုက်လျော ညီထွေရှိမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် အချိုးသတ်မှတ်ခြင်းကို ကျင့်သုံးဆောင်ရွက်လျက် ရှိပြီး ပျမ်းမျှပိုလျှံသီးသန့်ငွေအပေါ် အတိုးပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျင့်သုံးဆောင်ရွက်မည့် ငွေကြေးမူဝါဒ နည်းလမ်းများနှင့်စပ်လျဉ်း၍ ငွေကြေးမူဝါဒ ကော်မတီအစည်းအဝေးများတွင် တင်ပြ၍ အကောင် အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဘဏ်များသို့ အသိပေးရှင်းလင်းပြောကြားကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ဘဏ်များတွင် Governance Structure သည်အရေးကြီးကြောင်း၊ Management အဖွဲ့သည် ဘဏ်၏နေ့စဉ် ငွေကြေးလွယ်ကူမှု၊ သတ်မှတ်အချိုး များလိုက်နာမှုကို စဉ်ဆက်မပြတ်သုံးသပ်ရန် လိုအပ် ကြောင်း၊ Digital Platform မှ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုတိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် ငွေအပ်နှံ သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ ဆောင်ရွက် သွားရန်၊ Internal Control အားကောင်းစေရန်၊ Market အခြေအနေပေါ်မူတည်ပြီး Business Strategy ပြင်ဆင်ဆောင်ရွက်ရန်၊ နိုင်ငံခြားငွေ ကိစ္စ ရပ်များကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက် ရန်၊ နယ်စပ်ဒေသတွင် ဖွင့်လှစ်ထားသည့် ဘဏ်ခွဲ များ၌ တရားမဝင် ငွေလွှဲကိစ္စရပ်များ မဖြစ်ပွားအောင် အထူးဂရုပြု ဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုများသည် မိုဘိုင်းဖုန်းအသုံးပြု၍ ငွေလွှဲဆောင်ရွက်မှုများမှတစ်ဆင့် အဖြစ်များသဖြင့် Monitoring အလေးထားဆောင်ရွက်ရန် လိုအပ် ကြောင်း၊ ဗဟိုဘဏ်အနေဖြင့်လည်း ဘဏ်များ၏ လိုအပ်ချက်အပေါ် မူတည်ပြီး ပံ့ပိုးကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ထိုသို့ ပံ့ပိုးပေးနေသည့် အတွက် ဘဏ်များအနေဖြင့် စည်းကမ်းတကျလိုက်ပါ ဆောင်ရွက်ဖို့ လိုအပ်ကြောင်းပြောကြားခဲ့သည်။ ကုန်သွယ်မှုကဏ္ဍတွင် ဒေသသုံးငွေကြေးများ ပိုမို သုံးစွဲပြီး ဒေါ်လာပေါ်မှီခိုအားထားမှုလျော့ချပြီး Currency Diversification ကို ဆုံးရှုံးနိုင်ခြေ ပေါ်မူတည်၍ စီမံခန့်ခွဲရန် လိုအပ်ကြောင်း၊ ယွမ်/ ထိုင်းဘတ်အပြင် ရူပီးနှင့်ကျပ်ကိုပါ သုံးစွဲနိုင်ရေး အိန္ဒိယဗဟိုဘဏ်နှင့် အတည်ပြုချက်ရယူပြီး၍ မကြာခင်ကုန်သွယ်မှုကဏ္ဍသို့ ဆောင်ရွက်မည့် အစီ အမံများ ချပြပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ပုဂ္ဂလိက ဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အရာရှိချုပ်များက သက်ဆိုင်ရာ ဘဏ်အလိုက် ဆောင်ရွက်လျက်ရှိသည့် တိုးတက်မှုအခြေအနေ၊ လာမည့်ဘဏ္ဍာနှစ်တွင် လုပ်ငန်းတိုးချဲ့အကောင်အထည်ဖော်မည့် အခြေ အနေ၊ Digital Banking ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Internal Control စီမံထားရှိမှု၊ AML/ CFT ဆိုင်ရာ လိုက်နာဆောင်ရွက်နေသည့် အခြေအနေ များ ဆွေးနွေးတင်ပြခဲ့ခြင်းကို ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ကောင်းမွန်သည့် ဘဏ်စနစ် ဖြစ်ပေါ်ပြီး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်များအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်း ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားရန်၊ ဘဏ်လုပ်ငန်း ရေရှည်ဖွံ့ဖြိုးစေရန်အတွက် တိုးတက်ကောင်းမွန် သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် ပြည်သူ လူထုကို အလုပ်အကျွေးပြုသွားရန်၊ Risk Management ကို တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်း လုံခြုံမှုနှင့် အောင်မြင်မှုတို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်ပြီး ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားကြောင်း သိရ သည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် လမ်းသစ်ဖောက်လုပ်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တာဝန်ရှိသူများ နှင့်အတူ မတ် ၂၈ ရက်မှ ၃၁ ရက်အထိ ရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် လမ်းသစ်ဖောက်လုပ် နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ဒုတိယဝန်ကြီးသည် သာစည် - မြင်းခြံ ရထား လမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်နေမှု အခြေအနေ ကို သာစည်ဘူတာမှ ပန်းအိုင်ဘူတာအထိ RBE ရထားဖြင့်လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး ရထားလမ်း အတွင်း ကွန်ကရစ်ဇလီဖားတုံးများ သတ်မှတ်အကွာ အဝေးအတိုင်း ထည့်သွင်းရန်၊ အရည်အသွေး ပြည့်မီသော လမ်းခင်းကျောက်များ သတ်မှတ်စံချိန် စံညွှန်းအတိုင်း ထည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ ရထားလမ်းတာပေါင် ကျဉ်းသောနေရာများ၊ ရေတိုက်စားထားသော နေရာများတွင် လမ်းပိုင်းကြံ့ခိုင်မှု ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်သွားရန်၊ ရထားလမ်းဘေးရှိ တော၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရန်နှင့် သတ်မှတ် ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြား သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပင်းပက် - နောင်ကား ရထားလမ်းသစ် ဖောက်လုပ်နေမှု အခြေ အနေကို ဆက်လက်စစ်ဆေးပြီး သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်း တံတားနှင့် Box Culvert များ တည်ဆောက်ရာ၌ စံချိန်စံညွှန်းအတိုင်း အရည် အသွေးပြည့်မီစေရေး Quality Control ကို အလေးထားဆောင်ရွက်ရန်၊ တာပေါင်မြင့်သည့် နေရာများတွင် Toe Wall များ တည်ဆောက်ရန်၊ သံလမ်း၊ ကွန်ကရစ်ဇလီဖားခင်းခြင်းနှင့် လမ်းခင်း ကျောက်ထည့်သွင်းခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊ သံလမ်းခင်းရာတွင်လည်း သတ်မှတ်ထားသည့် Gradient နှင့် ကွေ့များတွင် Alignment မှန်ကန်မှုရှိစေရေး ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီဖောက်လုပ် ပြီးစီး အောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေညောင်-အေးသာယာ - ပေါမူ - ထီးသိမ် - ရေထွက်ဦး - တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင် ပြုပြင်



နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ် သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သာစည် - နေပြည်တော် ရထားလမ်းပိုင်းကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ လက်ရှိရထားလမ်းပိုင်း၏ အခြေ အနေ၊ ယင်းရထားလမ်းပိုင်းရှိ ဘူတာများနှင့် ဘူတာ ယာဒ်ဝင်းများကို ကြည့်ရှုစစ်ဆေးပြီး ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ဘူတာနှင့် ဘူတာ ယာဒ်ဝင်းအတွင်း ပန်းအလှပင်များ စိုက်ပျိုးရေး၊ ယင်း လမ်းပိုင်းတွင် အမြန်နှုန်းတိုးမြှင့်ပြေးဆွဲနိုင် ရေး အတွက် လမ်းပိုင်းကြံ့ခိုင်မှု ကောင်းမွန်အောင် ဆောင်ရွက်ရေးနှင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာဈေးနှုန်း တိုးမြှင့်သတ်မှတ်ခြင်းနှင့် အချို့သောနိုင်ငံခြားဘဏ်များတွင် မြန်မာနိုင်ငံက ငွေကြေးအဝင်/အထွက်များကို လက်မခံတော့ကြောင်း ကောလာဟလပေါ်ထွက်နေမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်




တချို့သောမီဒီယာများက ကျွန်တော့်ကိုဒီမေးခွန်းတွေ မေးနေတာရှိပါတယ်။ ပထမဦးဆုံးမေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒေါ်လာဈေးနှုန်းနဲ့ပတ်သက်ပြီး တစ်ဒေါ်လာကို ၂၁၀၀ ဈေးနှုန်းသတ်မှတ်ထားပါတယ်။ တစ်ဒေါ်လာကို ၂၁၀၀ သတ်မှတ်ထားခြင်းဈေးနှုန်းနဲ့ပတ်သက်ပြီး ပြင်ဆင်ပြောင်းလဲဖို့ အစီအစဉ်မရှိသေးကြောင်းပြောလိုပါတယ်။ ပြင်ဆင်ပြောင်းလဲဖို့ အစီအစဉ်မရှိသေးပါဘူး။ တချို့သောနိုင်ငံခြားဘဏ်တွေနဲ့ပတ်သက်ပြီး ယခင်အပတ်လောက်ကတိုင်ကောလာဟလထွက်နေပါတယ်။ တချို့သောနိုင်ငံခြားဘဏ်တွေက မြန်မာနိုင်ငံက ငွေအဝင်/အထွက်တွေ လက်မခံတော့ဘူးဆိုပြီး ပြောနေတာရှိပါတယ်။ လက်တွေ့မှာ ပုံမှန်လည်ပတ်ဆောင်ရွက်နေလျက်ရှိပါတယ်။ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိတယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ငွေကြေးစနစ်နဲ့ပတ်သက်ပြီး ဦးတည်ပြီး တိုက်ခိုက်နေတာတွေများပါတယ်။ အရင်တုန်းကလည်း ဘဏ်လုပ်ငန်းစနစ်တွေနဲ့ တိုက်ခိုက်နေတာရှိတယ်။ ငွေရေးကြေးရေးစနစ်အနေနဲ့လည်း တိုက်ခိုက်နေတာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဒီလိုကောလာဟလတွေကို မယုံကြဖို့၊ ဗဟိုဘဏ်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းကို တိုက်ရိုက်ဆက်သွယ်ပြီး မေးမြန်းနိုင်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

## KNLA/PDF အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



ကော့ကရိတ် မတ် ၃၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ပေါ်ရပ်ကွက်များအတွင်း မတ် ၂၅ ရက်က KNU (ခွဲထွက်) KNLA/PDF အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့တို့က ဝင်ရောက်ပစ်ခတ် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် မီးလောင်ကျွမ်းဆုံးရှုံးခဲ့ရသည့် ဘေးသင့်ပြည်သူများအား ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အိမ်ခြေ ၃၅ လုံးအတွက် အိမ်ဆောက်ပစ္စည်းများ (တန်ဖိုးငွေကျပ် ၆၉သိန်း)၊ အိမ်ထောင်စု ၃၅ စုမှ လူဦးရေ ၁၆၆ ဦးတို့အတွက် တစ်ပတ်စာ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၃၄၈၆၀၀၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၇၆၇၈၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးပါ Family Kit များ၊ တစ်အိမ်ထောင်လျှင် ကြက်ဥ ၁၀ လုံး၊ ဆီတစ်လီတာဘူး တစ်ဘူးနှင့် ကြက်သွန်၊ အာလူး၊ အသီးအရွက်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့သည် ကျုံဒိုးမြို့ ဆေးရုံတာဝန်ခံဆရာဝန်နှင့် တွေ့ဆုံ၍ ဝန်ထမ်းများအတွက် ကြက်ဥ၊ ဆီနှင့် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀၊ ကျုံဒိုးနယ်မြေရဲတပ်ဖွဲ့ဝင်များအတွက် ကြက်ဥ၊ ဆီနှင့် ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် အဖွဲ့ဝင်များသည် ကျုံဒိုး(အထက)ကျောင်းသို့ ရောက်ရှိပြီး မီးလောင်ကျွမ်းသည့်နေရာသို့ လှည့်လည်ကြည့်ရှုခဲ့ကြကာ မီးကြွင်းမီးကျန်များမရှိစေရေးအတွက် မီးသတ်ယာဉ်နှစ်စီးဖြင့် ရေဖျန်းခြင်း၊ ကျုံဒိုးမြို့ စည်ပင်အမှိုက်ကားဖြင့် အမှိုက်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ဟုမ္မလင်း၌ သီးနှံစိုက်ပျိုးရေးဆိုင်ရာ တောင်သူနည်းပညာပေး သင်တန်းဖွင့်လှစ်

ဟုမ္မလင်း မတ် ၃၁

သီးနှံစိုက်ပျိုးရေးဆိုင်ရာ တောင်သူနည်းပညာပေးသင်တန်းဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၁၀ နာရီက ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်က သီးနှံစိုက်ပျိုးရေးဆိုင်ရာ တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အထောက်အကူပစ္စည်းများပေးအပ်ခဲ့ရာ တောင်သူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းဆရာ/ဆရာမများက ဘက်စုံသီးနှံကာကွယ်ရေးနှင့်သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်း၊ ရေစုဆောင်းခြင်းနှင့် ရေချွေတာသုံးစွဲခြင်း၊ နိုင်ငံခြားဈေးကွက်ဝင် မက္ကဒေးမီးယားစိုက်ပျိုးခြင်း၊ အာဟာရပြည့်ဝသော မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာများ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး လှိုင်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

လှိုင် မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက် အေးရိပ်မွန်လမ်းမကြီးတစ်လျှောက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၊ လျှပ်စစ်အင်ဂျင်နီယာဦးစီးအဖွဲ့က ၆ ဒသမ ၆ ကေဗွီ စကားဝါဖီဒါပေါ်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အေးရိပ်မွန်လမ်းမကြီးနှင့် စကားဝါလမ်းမပေါ်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများက အခမဲ့နယ်လှည့်ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

မိုင်းကိုင် မတ် ၃၁

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်နေ ပြည်သူများအားလုံး ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာရရှိစေရန်၊ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းကုသမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လွိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်မိုမို့ ဦးဆောင်သော အထူးကုဆရာဝန်များနှင့်အဖွဲ့သည် မတ် ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အခမဲ့နယ်လှည့်ဆေးဝါးကုသမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းရာတွင် ဆေးပညာအထူးကု၊ သွားနှင့်ခံတွင်းအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကု၊ အရိုးနှင့်ထိခိုက်ဒဏ်ရာအထူးကု၊ အထွေထွေရောဂါအထူးကု သမားတော်ကြီးများက လူနာများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်းများကို ဆောင်ရွက်ပေးရာ မိုင်းကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ မိဘပြည်သူ စုစုပေါင်း ၈၄၇ ဦး ကျန်းမာရေးပြုစုစောင့်ရှောက်မှု လာရောက်ခံယူခဲ့သည်။

အဆိုပါ နယ်လှည့်ဆေးဝါးကုသမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းထွန်းလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)

# ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေး ကုန်သွယ်ရေးအစုအဖွဲ့သို့ ဗြိတိန်နိုင်ငံ ဝင်ရောက်ရန် သဘောတူညီ




**လန်ဒန် မတ် ၃၁**

ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေးကုန်သွယ်ရေးအစုအဖွဲ့ (CPTPP) တွင် ဗြိတိန်နိုင်ငံပါဝင်ရန်အတွက် ဘက်စုံတိုးတက်ရေးသဘောတူညီချက်ကို ဗြိတိန်ဝန်ကြီးချုပ် ရီရှိဆူနက်က ယနေ့ သဘောတူညီကြောင်း ကြေညာခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂအဖွဲ့မှ နုတ်ထွက်ပြီးနောက် ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံးသော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်ဖြစ်သည်။

ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေးကို စတင်ဖွဲ့စည်းသည့် ၂၀၁၈ ခုနှစ်နောက်ပိုင်း ဗြိတိန်နိုင်ငံသည် ပထမဆုံးအဖွဲ့ဝင်နိုင်ငံသစ်ဖြစ်လာမည်ဖြစ်ပြီး ပထမဆုံးသော ဥရောပနိုင်ငံအဖွဲ့ဝင်လည်း ဖြစ်လာမည်ဖြစ်သည်။

ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်းကြောင့် ဗြိတိန်နိုင်ငံသည် ပစိဖိတ်စီးပွားရေးအုပ်စု၏ ဗဟိုချက်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူနက်က ဆိုသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည်ဥရောပမှတောင်ပစိဖိတ်ဒေသရှိ ဈေးကွက်များသို့ ပြိုင်ဘက်ကင်းစွာ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့တွင် စုစုပေါင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ ပေါင် ၁၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆၅ ထရီလီယံ) ရှိပြီး ဗြိတိန်နိုင်ငံ အဖွဲ့ဝင်ဖြစ်လာသည့်အတွက် ကမ္ဘာလုံးဆိုင်ရာ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်သည် ဗြိတိန်နိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသနှင့် စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် ဗြိတိန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။

ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများတွင် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်ကာပူနှင့် ဗီယက်နမ်တို့ ပါဝင်သည်။ ဗြိတိန်နိုင်ငံသည် ၁၂ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ ဘာသာပြန်- အောင်ကျော်ကျော်**



# တရုတ်နိုင်ငံရှိ ယန်ဇီမြစ်ကာကွယ်ထိန်းသိမ်းရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေပေးအပ်

**ပေကျင်း မတ် ၃၁**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ်တွင် တည်ရှိသည့် ယန်ဇီမြစ်တစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ရေထုညစ်ညမ်းမှုကာကွယ်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ကို ပေးအပ်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ပေကျင်းရုံးခွဲက ယနေ့ပြောကြားသည်။

ယန်ဇီမြစ်ကာကွယ်ရေးနှင့် ဂေဟဗေဒပြန်လည်ထူထောင်ရေးအစီအစဉ် (ဟူပေ) အရ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ ဒေတာအချက်အလက်များ စုဆောင်းခြင်းနှင့်မျှဝေခြင်းအပြင် မြစ်ဝှမ်းတစ်လျှောက် ရေစီမံခန့်ခွဲမှုအစီအစဉ်အား ပိုမိုကောင်းမွန်လာစေရန် အလေးပေးထားကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။

အထက်ပါအစီအစဉ်ကို လက်တွေ့ဆောင်ရွက်မည့်မြစ်ဝှမ်းဒေသများတွင် မြေဆီလွှာနှင့်ရေထိန်းသိမ်းခြင်း၊ ရေထုညစ်ညမ်းမှုမရှိစေရေးအတွက် မြစ်အတွင်း ပလတ်စတစ်များဝင်ရောက်မှုမှ တားဆီးခြင်းနှင့် စွန့်ပစ်ရေစီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအစီအစဉ်သည် ကမ္ဘာပေါ်တွင်ကြုံတွေ့နေရသည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းဆိုင်ရာစီမံခန့်ခွဲရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်းမှ ထိန်းသိမ်းရေးအတွက် တရုတ်နိုင်ငံအား ကမ္ဘာ့ဘဏ်က အကူအညီပေးမှု၏ အကောင်းဆုံးသာဓကဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူ မာရာဝါးဝစ်က ပြောသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ ဘုရားကျောင်းတစ်ကျောင်း၌ ရေတွင်းဟောင်းတစ်ခု ပြိုကျ၊ အနည်းဆုံး ၃၅ ဦး သေဆုံး

**နယူးဒေလီ မတ် ၃၁**

အိန္ဒိယနိုင်ငံ အလယ်ပိုင်း မက်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဘုရားကျောင်းတစ်ကျောင်း၌ ရေတွင်းဟောင်းတစ်ခုကို ဖုံးအုပ်ထားသည့် ကွန်ကရစ်ကြမ်းခင်းပြိုကျခဲ့ရာ အနည်းဆုံး ၃၅ ဦးသေဆုံးပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။

မတ် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲခန့်က ဟိန္ဒူပွဲတော်တစ်ခုကျင်းပနေစဉ်အတွင်း အဆိုပါဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဟိန္ဒူဘာသာဝင်အများအပြားက ဘုရားကျောင်းသို့ ဘုရားဝတ်ပြုဆုတောင်းရန် လာရောက်စဉ် လူအများအပြားက ရေတွင်းကို ဖုံးအုပ်ထားသည့် ကွန်ကရစ်ပြားပေါ်တွင် မတ်တပ်ရပ်နေခဲ့ရာ အဆိုပါကွန်ကရစ်ကြမ်းခင်း ပြိုကျခဲ့ခြင်းဖြစ်သည်။

အဆိုပါရေတွင်းဟောင်းသည် ပုဂ္ဂလိကပိုင်မြေပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး လူအုပ်၏ အလေးချိန်ကို ခံနိုင်ရည်မရှိသည့်အတွက် ဖုံးအုပ်ထားသည့်ကွန်ကရစ်ကြမ်းခင်း ပြိုကျခဲ့ခြင်းဖြစ်ကြောင်း မက်ဒရာ ပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ် ရှီဗာရက်ဆင်းချိုဟန် က ဆိုသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့က ရေတွင်းနက်ထဲ၌ ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အပြင်းအထန်လုပ်ဆောင်လျက်ရှိသည်။

ရေတွင်းသည် အနက် ၁၂ မီတာ ဝန်းကျင်ရှိပြီး ရေအမြင့် ခြောက်မီတာအထိရှိသည်။


ဘုရားကျောင်းက အဆိုပါရေတွင်းကို သုံးစွဲခြင်းမရှိသည့်အတွက် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ခန့်က ကွန်ကရစ်ဖြင့် ဖုံးအုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဆိုသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ ဘာသာပြန်- အောင်ကျော်ကျော်**



# ကမ္ဘာမြေနှင့် ဒုတိယအနီးကပ်ဆုံးအနက်ရောင်တွင်းကို ရှာဖွေတွေ့ရှိ

**ဂျေရုဆလင် မတ် ၃၁**

နိုင်ငံတကာ နက္ခတ္တဗေဒပညာရှင်အဖွဲ့တစ်ဖွဲ့က ကမ္ဘာမြေနှင့် ဒုတိယအနီးကပ်ဆုံးအနက်ရောင်တွင်း (black hole) ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဥရောပအာကာသအေဂျင်စီ (ESA) နှင့် အစ္စရေးနိုင်ငံ တဲလ်အဗစ်တက္ကသိုလ် (TAU) တို့က သီးခြားထုတ်ပြန်ချက်တစ်ခု၌ ပြောကြားခဲ့သည်။



အသစ်တွေ့ရှိခဲ့သည့် အနက်ရောင်တွင်း “Gaia BH2” သည် ကမ္ဘာမြေမှ အလင်းနှစ် ၃၈၀၀ ခန့်တွင် တည်ရှိပြီး နေထက် ဆယ်ဆခန့် ပိုမိုကြီးမားကြောင်း သိရသည်။

မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သည့် ကမ္ဘာမြေပြင်နှင့် အနီးကပ်ဆုံးဖြစ်သည့် အနက်ရောင်တွင်း “Gaia BH1” သည် ကမ္ဘာမြေပြင်မှ အလင်းနှစ် ၁၅၆၀ ခန့် ကွာဝေးသည်။

အမေရိကန်၊ အစ္စရေး၊ ဂျာမနီနှင့် ဒိန်းမတ်နိုင်ငံတို့မှ သုတေသီများပါဝင်သော အဖွဲ့သည် ဥရောပအာကာသအေဂျင်စီ၏ Gaia အာကာသတယ်လီစကုပ်မှ ခြေရာခံသည့် ကြယ်များ၏ ပတ်လမ်းကြောင်းများကို လေ့လာခဲ့သည်။ အဆိုပါ အာကာသတယ်လီစကုပ်ကို ၂၀၁၃ ခုနှစ်တွင် အာကာသအတွင်းသို့ လွှတ်တင်ခဲ့သည်။

အနက်ရောင်တွင်း (black hole) သည် ပြင်းထန်သော ဆွဲငင်အားရှိသည့် အာကာသအတွင်းရှိ အရာဝတ္ထုတစ်ခုဖြစ်ပြီး ယင်းနှင့်အနီးအနားတွင်ရှိသည့် အရာဝတ္ထုများ သို့မဟုတ် ဓာတ်ရောင်ခြည်များကို မျိုချပစ်နိုင်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလက်မှတ်ထိုး

**ဂျကာတာ မတ် ၃၁**

အင်ဒိုနီးရှားနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ယနေ့လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဘာလီ၌ကျင်းပသော အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အင်ဒိုနီးရှားဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ယာဆွန်နာ လာအိုလီနှင့် ရုရှားတရားရေးဝန်ကြီး ကွန်စတန်တင် ချူချန်ကိုတို့ တက်ရောက်လက်မှတ်ရေးထိုးခဲ့သည်။

ယခုလက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်အရ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် အဂတိလိုက်စားမှုတို့တွင် တရားခံများအား နေရင်းနိုင်ငံများတွင် ပြန်လည်၍ တရားစီရင်မှုခံယူစေမည်ဖြစ်ကာ အထက်ပါလုပ်ငန်းသည် တရားဝင်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပုံစံတွင် လက်ခံကျင့်သုံးနေသော စနစ်ဖြစ်ကြောင်း လာအိုလီကပြောကြားသည်။ ထို့ပြင် ခရီးသွားနှင့်ကုန်သွယ်ရေးကဏ္ဍတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများရှိပြီး အင်ဒိုနီးရှားနိုင်ငံသို့ ရုရှားခရီးသည်များ အများအပြား လာရောက်လည်ပတ်လေ့ရှိကာ ယမန်နှစ်က နှစ်နိုင်ငံကုန်သွယ်မှု ပမာဏ ၂၉ ဒသမ ၈၇ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


တိုင်းရင်းသားရေးရာ အမှတ်(၁၁)
Ethnics Affairs (မတ်၊ ၂၀၂၃)
ထွက်ပြီ




၂၀၂၃ မတ်လထုတ် တိုင်းရင်းသားရေးရာ အမှတ်စဉ်– ၁၁ တွင်

- ထားဝယ်လူမျိုးနှင့် ထားဝယ်စကား
- ရှေးဟောင်းမြောက်ဦးခေတ် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ
- မွန်ရိုးရာတေးဂီတ ဆင့်ကဲပြောင်းလဲခဲ့ပုံများ
- ပြည်ထောင်စုထဲက တောင်ရိုး
- ငြိမ်းချမ်းရေးဆေးသာ အစွမ်းထက်ရာ
- ဒီမိုကရေစီနှင့် မျိုးဆက်သစ်လူငယ်များ၏အခန်းကဏ္ဍ
- ရိုးသားယုံလွယ် နိုင်ငံ့အန္တရာယ်

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၁၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း–၀၁–၈၃၈၇၅၆၈


## နွားထိုးကြီး-မြင်းခြံသွား ကားလမ်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၁

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် လျှော်ဖြူကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာ နွားထိုးကြီး-မြင်းခြံသွား ကားလမ်းဝဲဘက် ၁၅ ပေခန့်အကွာ၌ ယနေ့ညနေ ၃ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်အဝေးထိန်းမိုင်းတစ်လုံး ဖောက်ခွဲခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာ၌ ဘုန်းကြီးကျောင်း ဓမ္မာရုံ ရေစက်ချပွဲမှ မင်းဘူးမြို့သို့ ပြန်လည်မောင်းနှင်လာသော ဂီတ စက်ဝိုင်းတေးဂီတအဖွဲ့သား ၁၀ ဦး လိုက်ပါလာသည့် Super Custom အမျိုးအစားယာဉ်သည် လျှော်ဖြူကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၈၀၀ ခန့် အကွာသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်အဝေးထိန်းမိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက်နေ ဒေါ်ခွန်ဇင်ဇင်ထွန်းတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။



အဆိုပါ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများကို နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ထားဝယ်မြို့နယ်အတွင်း ကျေးရွာရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ထားဝယ် မတ် ၃၁

ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရှင်မုတ္ထီးကျေးရွာအုပ်စု ရွှေဂူတောင်ကျေးရွာ လက်တူးတွင်းတစ်တွင်း တူးဖော်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှုအား ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်သာသာရည်၊ ထားဝယ်မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီနှင့် ဝန်ထမ်းများသည် ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထားဝယ်မြို့နယ်အတွင်း ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် ကျေးရွာကုန်ထုတ်လမ်း(၁/၀)မိုင်၊ ကွန်ကရစ်တံတား ပေ ၂၀ တစ်စင်း၊ Box Culvert နှစ်စင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း တစ်ခု၊ လက်တူးတွင်း လေးတွင်း၊ ရေစုကန် တစ်ကန်၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းတစ်ခုတို့အား ခွင့်ပြုငွေကျပ် ၂၄၃ ဒသမ ၂၂ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၂၂



ခွန်အောင်ငယ်အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## မြစ်ကြီးနားနှင့် ပင်လောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ မနူးမိုင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုညဒသမ ၁၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီ ၁၀ မိနစ်တွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ၎င်းငှားရမ်းထားသည့် အခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုညဒသမ ၉ ကီလိုကို လည်းကောင်း၊ ထိုနေ့ နံနက် ၉ နာရီတွင် ပင်လောင်းမြို့နယ် ဘန့်ဘာကျေးရွာအုပ်စု ပင်္ကလကျေးရွာအနီးတွင် ခွန်အောင်ငယ်မောင်းနှင်လာသည့် NISSAN X-TRAIL အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပမ္မတီးရပ်ကွက်နေ အောင်သူစိုးသည် ၎င်းအသုံးပြုသည့် “Aung Thu Soe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်နေ သန့်ဇင်(ခ) အငယ်လေး သည် ၎င်းအသုံးပြုသည့် “Thant Zin” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ အောင်ကျော်မင်း(ခ)အာကာသည် ၎င်းအသုံးပြုသည့် “Arkar” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်းများသို့ ဘင်ခရာအဖွဲ့ တူရိယာပစ္စည်းနှင့် ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်




လွိုင်ကော် မတ် ၃၁

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများသို့ ဘင်ခရာအဖွဲ့ တူရိယာပစ္စည်းနှင့် ဝတ်စုံစရိတ်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လွိုင်ကော်မြို့ အမှတ် (၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအား ဘင်ခရာအဖွဲ့ တူရိယာပစ္စည်းများကို လည်းကောင်း၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစောဟူးဟူးက ဘင်ခရာအဖွဲ့ တူညီဝတ်စုံစရိတ်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘင်ခရာတူရိယာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ် မီးသတ်ဦးစီးဌာနသို့ သွားရောက်ပြီး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နောင်ယားကန်သာဝန်းကျင်သာယာလှပစေရေးနှင့် ပြည်သူများ အပန်းဖြေနားနေဆောင် ပြန်လည်ပြုပြင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီပြောင်းလဲတပ်ဆင်ကြရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး (၃၁-၃-၂၀၂၃) ရက်နေ့အပြီး ဖောင်းကြွနံပါတ်ပြား ပုံစံအသစ်ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလ စေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလအား ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံး ပြောင်းလဲတပ်ဆင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# လှည်းကူးမြို့နယ်၌ နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ



လှည်းကူး မတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ Fitness Dance၊ ဘောလုံးအားကစား သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ် (က)အဆင့် အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ဆက်လက်ပြီး ခရိုင်အားကစားမှူး ဒေါ်ယဉ်ဦးခိုင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သိန်းရွှေတို့က သင်တန်းနည်းပြများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ရာ သင်တန်းနည်းပြများက လက်ခံရယူပြီး သင်တန်းသား သင်တန်းသူများက အားကစားနည်းလေးမျိုးဖြင့် သရုပ်ပြဖျော်ဖြေကြသည်။

အဆိုပါ အားကစားနည်းလေးမျိုးတွင် သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ၃၀ ရက်ထိ သင်ကြားပေးခဲ့ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မြင့်ဦး**

# မင်းလှမြို့၌ မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဆင်းပွဲကျင်းပ



မင်းလှ မတ် ၃၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် အထက မင်းလှ(မြို့တွင်း) သပြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အမှာစကားများ ပြောကြားသည်။

ထို့နောက်သင်တန်းတက်ရောက်ကြသည့် ဆရာ ဆရာမများက မြတ်ဆရာ၊ ပန်းကလေးများ၏ ဥယျာဉ်မှူး၊ နောင်အင်းလေး၊ တစ်နှစ်နွှမ်း တစ်နှစ်ဆန်း၊ ဦးရွှေရိုးနှင့်ဒေါ်မိုး၊ မြနန္ဒာသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ ဆရာကြီး ဆရာမကြီးများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် မူလတန်းအဆင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီး ၂၅ ဦးက နည်းပြအဖြစ် ဆွေးနွေးပို့ချပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၅၅ ကျောင်းနှင့် ဘ/က ကျောင်းလေးကျောင်း စုစုပေါင်း ၁၅၉ ကျောင်းမှ မူလတန်းအဆင့် ဆရာ ဆရာမ ၇၃၂ဦး တက်ရောက်ကြပြီး အထက မင်းလှ(မြို့တွင်း)၌ မတ် ၂၈ ရက်မှ ၃၁ ရက်ထိ လေးရက်ကြာ KG မှ Grade-5 ထိ ဘာသာရပ်များကို ဆွေးနွေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေးဆောင်ရွက်

နေပြည်တော် မတ် ၃၁

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း "ခါသင်္ကြန်အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေးဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အလုပ်သမားဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြစ်သည့် "ပိတောက်လက်ဆောင်နှင့် သင်္ကြန်မိုး" တေးသီချင်းများဖြင့် လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ သင်္ကြန်ယိမ်းအဖွဲ့များသည် "နွေမ" တေးသီချင်းဖြင့် လည်းကောင်း ရိုက်ကူးရေးဆောင်ရွက်ကြသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်ရှင်ရုံးမှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းတွင် မဟာသင်္ကြန်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်နှင့် ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် သင်္ကြန်မဏ္ဍပ်များ တည်ဆောက်လျက်ရှိရာ နေပြည်တော်တွင် မြို့တော်ဝန်မဏ္ဍပ်အပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာတို့၏ရိုးရာသင်္ကြန်ကို ပေါ်လွင်အောင်ဆင်နွှဲရင်း ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းကာ စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင်ဖြစ်စေရန်နှင့် အဆင့်မီသော သင်္ကြန်တစ်ခုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ၎င်းတွင် အဆိုပါ လမ်းလျှောက်သင်္ကြန်ကို တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန်၊ သနပ်ခါးသင်္ကြန် စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများအားလုံး ပျော်ရွှင်စေမည့် ကဏ္ဍများစွာ ထည့်သွင်းထားသည့်အပြင် ဝန်ကြီးဌာနမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များ ပူးပေါင်းပါဝင်မှုဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၆၀ စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၇,၅၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၀၈၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၅၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၄) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၂၄)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး သင်တန်းသားစံပြဆုကို သင်တန်းသား အမှတ်(၂၆၂) ဦးဖြိုးမင်းသိန်း(ကွန်ပျူတာစီစဉ်ရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)၊ သင်တန်းသူစံပြဆုကို သင်တန်းသူ အမှတ် (၁၈၃) ဒေါ်လွင်မာ (ဒုတိယ ဦးစီးမှူး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန)တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများကိုဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၄)သို့ သင်တန်းသား ၁၇၇ ဦး၊ သင်တန်းသူ ၂၁၃ ဦး၊ စုစုပေါင်း ၃၉၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှ ၃၁ ရက်အထိ In-House Learning ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၄၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၈၅ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၈၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၅ | ၂၃၃၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၆၅ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၅၀ | ၂၃၈၀ | ၃၀၀၀ |
| HSD (50 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၄၅ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၇ | ၂၀၇၀ |
| 95 Ron | ၂၀၇၅ | ၂၁၅၀ |
| HSD (500 ppm) | ၁၉၆၁ | ၂၀၂၉ |
| HSD (50 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (10 ppm) | ၂၀၃၅ | ၂၁၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် မတ် ၃၁

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံပုံစံ စမ်းသပ်၍ သီးထပ်ဧရိယာ တိုးချဲ့စိုက်ပျိုးရန်၊ တောင်သူလယ်သမားနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သည့် အကျိုးတူလယ်ယာစနစ် ဖွံ့ဖြိုးလာရေးနှင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေး တွန်းအားပေးဆောင်ရွက်ရန်၊ တောင်သူများ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိရေးနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရန်၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ် အစုအဖွဲ့များ တည်ထောင်ရန်၊ စံပြစိုက်ပျိုးရေး၊ မွေးမြူရေးကျေးရွာများ ထူထောင်၍ တောင်သူအချင်းချင်း ဖြန့်ဝေသော နည်းပညာပြန့်ပွားရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်၊ စပါးအခြောက်ခံစက်များ အပါအဝင် လယ်ယာလုပ်ငန်းခွင် ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက်လုံး၌ စက်ကိရိယာ တိုးမြှင့်သုံးစွဲနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ခေတ်ခွဲခန်း လုပ်ငန်းများနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အဆင့်မြင့်ခေတ်ခွဲခန်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ကျွမ်းကျင်သည့် ခေတ်ခွဲခန်း ပညာရှင်အရင်းအမြစ်များ တိုးပွားရေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ပုသိမ်ကြီးမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံ (ကြူဝန်း)၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အသားတိုး နွားမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။ အဆိုပါ အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့် သရုပ်ပြခြံ(ကြူဝန်း)သည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ရွှေနီနွားမကြီး ၁၅ ကောင်၊ ပြာစိမ်းနွားမ ၁၈ ကောင်၊ ဘရာမင် အမ ၁၁ ကောင် စုစုပေါင်း ၄၄ ကောင်ကို ၁၀၀ ရာခိုင်နှုန်း ဘရာမင်မျိုးရည်ခဲချောင်းဖြင့် မေထုန်မဲ့ သားစပ်ထားရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ရှိ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာနသို့ ရောက်ရှိရာ ခြံတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြန်မာ့ပိုးစာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် တန်ဖိုးမြင့်ပိုးချည်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ပိုးသုတေသနနှင့် ပိုးစာသုတေသန လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ကျင်းပ

နေပြည်တော် မတ် ၃၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (စတုတ္ထနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၂၉ ဌာနတို့၌ စာဖြေစာရင်းသွင်း ၅၇၃၆၃ ပါး/ဦးအနက် ၄၅၆၅၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၅၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ပန်းတောင်းမြို့နယ်၌ မဟာသဒ္ဓမ္မဇောတိကဘွဲ့နှင့် ပါဠိပထမပြန်စာအောင် ဆုနှင်းသဘင် ဂုဏ်ပြုအခမ်းအနားကျင်းပ

ပန်းတောင်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မဟာသဒ္ဓမ္မဇောတိကဘွဲ့ရရှိသူ ဆရာတော်တစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိသူ ဆရာကြီးတစ်ပါးနှင့် သာမဏေကျော်၊ ပါဠိပထမပြန်စာမေးပွဲ အောင်မြင်သူ ရဟန်းသာမဏေ၊ သီလရှင်ဆရာလေးများအား အဘိဓမ္မာစာအောင် ဆုနှင်းသဘင် ဂုဏ်ပြုခြင်းအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ကိုးဆောင်ကျောင်းဆရာတော်ထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက သာသနာတော်ဆိုင်ရာများလျှောက်ထားကာ မဟာသဒ္ဓမ္မဇောတိကဘွဲ့ရရှိသော ဘဒ္ဒန္တဝိဇယဆရာတော်အားလည်းကောင်း၊မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရရှိသော ဆရာကြီး ဒေါ်ဉာဏစာရီအား လည်းကောင်း၊ ငါးထပ်ကွမ်းသာမဏေဘွဲ့ရရှိသော ရှင်နန္ဒဝံသာလင်္ကာရအား လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့နယ်ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က ဘွဲ့တံဆိပ်တော်ရရှိသူများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းအား ဖတ်ကြားလျှောက်ထားပြီး စာအောင်သံဃာတော်၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၄၄ ပါးတို့အား အောင်လက်မှတ်များနှင့် ဂုဏ်ပြုလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

# ကန့်ဘလူမြို့နယ် မိုးကောင်းကျေးရွာနှင့် တန့်ဆည်မြို့နယ် ကျွန်းလည်ကျေးရွာတို့ ဆက်သွယ်သည့် ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားဖွင့်ပွဲ ကျင်းပ



နေပြည်တော် မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု မိုးကောင်းကျေးရွာနှင့် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ကျွန်းလည်ကျေးရွာတို့အား ဆက်သွယ်သည့် ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမူးမြစ်ကူးတံတားမုခ်ဦးရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားပြောကြားပြီး ကန့်ဘလူမြို့နယ် မြေထူးကျေးရွာအုပ်စု မှော်တော်ကျေးရွာ သာသနာ့အလင်းရောင်ကျောင်းတိုက် ဆရာတော်က ကျေးဇူးတင်စကားမိန့်ကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်ငြိမ်းချမ်းသာ မူးမြစ်ကူးတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တံတားကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ တံတားမှာ တံတားအရှည် ပေ ၁၅၀၀ နှင့် အကျယ်ပေ ၂၀ ရှိပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်းပေါင်း ၁၅၀၀ ဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၅၀၀ နှင့် ပြည်သူလူထုလှူဒါန်းငွေကျပ်သိန်း ၁၀၀၀ ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ကန့်ဘလူခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး ဖွင့်ပွဲသို့ သွားရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆိုပါအစည်းအဝေးခန်းမ၌ အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ရုံးအဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရွှေပင်အောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်/စာတမ်းများကို တိုင်းဒေသကြီး တရားရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့၌ ပန်းချီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မော်လမြိုင် မတ် ၃၁

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံ ပန်းချီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက်ပိုင်းတွင် မော်လမြိုင်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု ဥက္ကဋ္ဌ ဦးဉာဏ်သောင်းက အမှာစကားပြောကြားပြီး အကြီးတန်းအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အငယ်တန်းအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံးအဖွဲ့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခြေခံပန်းချီသင်တန်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နည်းပြဆရာများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွန့်နိုင်က ဂုဏ်ပြုငွေ ပေးအပ်ရာ သင်တန်းနည်းပြဆရာတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၃၁

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 8 Lesson 4 : Happy Birthday!

**I. Complete the sentences with the words given below.**

**fruits gifts birthday toy supermarket**

1. It is my sister's ______________________ tomorrow.
2. We sent beautiful ____________________ to him.
3. Don't buy overripe ____________________.
   (overripe= အမှည့်လွန်သော)
4. I bought a bar of soap in the __________________.
5. Children like to play with __________________.

**II. Rewrite the following sentences with "like + Ving/ like to + V1".**

e.g. I _____________ (play) football.
- (a) I like playing football.
- (b) I like to play football.

1. She _____________ (listen to) music.
   (a) ____________________________________.
   (b) ____________________________________.
2. They ______________ (swim).
   (a) ____________________________________.
   (b) ____________________________________.
3. We _____________ (do) yoga.
   (a) ____________________________________.
   (b) ____________________________________.
4. She _____________ (go) shopping.
   (a) ____________________________________.
   (b) ____________________________________.
5. He _____________ (go) fishing.
   (a) ____________________________________.
   (b) ____________________________________.

**III.Rewrite the following sentences with "want to be/ have/ do".**

e.g. She _________ (be) a doctor.
She wants to be a doctor.

1. They (be) engineers. (________________________)
2. We (have) a new car. (________________________)
3. He (play) in the rain. (________________________)
4. She (study) the lessons. (________________________)
5. Ko Gyi (learn) Japanese. (________________________)

**Reading**

**Read the passage.**

My name is Kate. I am 12 years old. I love birthday parties. Today is my birthday. My parents give me a beautiful dress. I am very happy today. I love my family.

**Fill in the blanks.**

1. Today ______________ is having her birthday.
2. Kate likes ________________ parties.
3. Kate is _______________ today.
4. Kate's parents gave her __________________.
5. Kate is ______________ years old.

******************************

**Answer**

**Lesson 4 : Happy Birthday!**

I. 1. birthday; 2. gifts; 3. fruits; 4. supermarket; 5. toys;

II. 1. (a) She likes to listen to music. (b) She likes listening to music. 2. (a) They like to swim. (b) They like swimming. 3. (a) We like to do yoga. (b) We like doing yoga. 4. (a) She likes to go shopping. (b) She likes going shopping. 5. (a) He likes to go fishing. (b) He likes going fishing.

III. 1. They want to be engineers. 2. We want to have a new car. 3. He wants to play in the rain. 4. She wants to study the lessons. 5. Ko Gyi wants to learn Japanese.

Reading

1. Kate; 2. Birthday; 3. very happy; 4. A beautiful; 5. 12years old;

**********************

## Grade 7

### Unit 6 Lesson 4: The best things about your town

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We are h_________ to see you again.
2. Lying on the beach is r__________.
3. She should find a s_________ place until they arrived.
4. This story is so i____________ that I want to listen twice.
5. The question is not difficult. It is e____________.
6. He is b_________ now. Can you leave a message?
7. He told us a very e__________ adventure story.
8. Learning English has many a__________ nowadays.
9. His greatest i_____________ is playing games.
10. The park is p__________ and quiet.

**II.Supply the correct form of the words given in brackets.**

1. (excite) This game is ____________ than that one.
2. (excite) People tend to raise their voice when they get __________.
3. (easy) It is not _________ to be honest all the time.
4. (easy) Reading skill is ___________ than writing skill.
5. (relax) I am _________ to sit on the beach.
6. (relax) Sitting on the beach is __________.
7. (peace) He had a _________ life.
8. (enjoy) She is a good teacher. Her lessons are really ___________.
9. (plant) She is a ___________ owner.
10. (fresh) Let's go for a walk and get ____________ air.

**III.Supply the correct form of the verbs given in brackets.**

1. (not, see) I __________ him since morning.
2. (go) Grandpa _________ to the monastery once a week.
3. (love) Father __________ me most among the family members.
4. (live) He __________ here for 20 years.
5. (locate) The park __________ in the north of the country.
6. (grow) Rice does not __________ in cold climates.
7. (walk) He _________ into the room and sat down on the sofa.

**IV.Change the statements to questions using the question word in parentheses!**

eg. They do their homework at night. (when)
When do they do their homework at night?

1. U Hla came to the party alone. (who)
   Who ______________________________?
2. The car is across the street from the house. (where)
   Where ______________________________?
3. That is an English book. (what)
   What ______________________________?
4. She will go to France on the next holiday. (where)
   ______________________________?
5. The party lasted all night. (how long)
   ______________________________?
6. He studies piano at the university. (what)
   ______________________________?
7. She talked to him for an hour. (how long)
   ______________________________?
8. She was eating a sandwich. (what)
   ______________________________?
9. My parents have three cars. (how many)
   ______________________________?

**V.Work in pairs to ask Wh-questions and answers them.**

| Wh-questions | Answers |
| --- | --- |
| 1. _________ are you looking for in the house? | ---- my brother |
| 2. _________ did you go there? | ---- your mother |
| 3. _________ do you want to buy? | ---- a car |
| 4. _________ are you playing with? | ---- your friends |
| 5. _________ will you go to the pagoda? | ---- tomorrow morning |

*******************

**Answer**

**Unit 6**

**Lesson 4: The best things about your town**

I. 1. happy; 2. relaxing; 3. safe; 4. interesting; 5. easy; 6. busy; 7. exciting; 8. advantages; 9.interest; 10. peaceful;

II. 1. more exciting; 2. excited; 3. easy; 4. easier; 5. relaxed; 6. relaxing; 7. peaceful; 8.enjoyable; 9. plantation; 10. fresh;

III. 1. have not seen; 2. goes; 3. loves; 4. has lived; 5.locates; 6. grow; 7. walked;

IV. 1. Who came to the party alone? 2. Where is the car? 3. What is that? 4. Where will she go onthe next holiday? 5. How long did the party last all night? 6. What does he study at the university? 7. How long did she talk to him? 8. What was she eating? 9. How many cars do your parents have?

V. 1. Who; 2. With whom; 3. What; 4. Who; 5. When;

******************************

## Grade 8

### Unit 9 Lesson 4: A memorable holiday

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He quit his job on a sudden i______________.
2. The b___________ of the hotel is delicious.
3. A f______________ egg contains about 100 calories.
4. The children are clever. They have l____________ manners.
5. Every summer we went to the s________________ for two months.
6. He stayed o_____________ and went home the next day.
7. He is the most p_____________ boy in class.
8. We need to get some f_____________ air.
9. This food looks d______________. I want to eat it.
10. There are many v_____________ selling foods at the beach.

**II. Supply the correct form of the words given in brackets.**

1. (usual) She came into work as ___________ this morning.
2. (usual) I ___________ get up at 6 o'clock every morning.
3. (fry) I like ___________ eggs.
4. (locate) Where is the _______________ of your house?
5. (fame) She becomes _____________ overnight.
6. (gold) She combed and arranged her _____________ hair.
7. (good) I did my ___________ in the exam.
8. (relax) I am ____________ to sit on the beach.
9. (relax) Sitting on the beach is _______________.
10. (foreign) Zaw Zaw is married to a _____________.

**III. Complete the following sentences with the correct forms of the verbs given below. There are two extras.**

**memorable impulse resort holiday foreigners seafood overnight**

1. We stayed ________________ with my mother.
2. Today is a _______________. We can go everywhere.
3. PyiOoLwin is a well-known summer _______________.
4. It was a truly _______________ experience.
5. Shrimps are a popular type of ____________.

**IV. Answer the questions.**

(1) Where did the writer feel an impulse to go?
________________________________________.
(2) Where is Chaung Tha situated?
________________________________________.
(3) How far is Chaung Tha Beach from Yangon?
________________________________________.
(4) What did the writer see along the Yangon-Pathein Highway?
________________________________________.
(5) When did the writer and his family arrive at Chaung Tha?
________________________________________.
(6) When they arrived there, why did they face a dilemma?
________________________________________.
(7) What plan did they give up in Chaung Tha?
________________________________________.
(8) What did they do at the beach?
________________________________________.
(9) When did they come back to Yangon?
________________________________________.
(10)What did the writer suggest us before we go somewhere?
________________________________________.

**Writing**

**Write about a memorable holiday in your life.**

______________________________________________________
______________________________________________________
______________________________________________________
______________________________

* * * * * * * * * * * * * * * *

*Answer: Lesson 4 : A memorable holiday*

*I. 1. impulse; 2. breakfast; 3. fried; 4. lovely; 5. seaside; 6. overnight; 7. popular; 8. fresh; 9. delicious; 10. vendors;*

*II. 1. usual; 2. usually; 3. fried; 4. location; 5. famous; 6. golden; 7. best; 8. relaxed; 9. relaxing; 10. foreigner;*

*III. 1. overnight; 2. holiday; 3. resort; 4. memorable; 5. seafood;*

*IV. 1. The writer felt an impulse to go to a seaside. 2. Chaung Tha is situated in Ayeyarwady Region. 3. Chaung Tha Beach is only a five hours' drive from Yangon. 4. The writer saw the golden paddy fields and the lovely small villages along the Yangon-Pathein Highway. 5. The writer and his family arrived at Chaung Tha at about 1 p.m. 6. When they arrived there, they faced a dilemma because there were many people on holiday like them and all the hotels were full. 7. They gave up the plan to visit the offshore islands and stay the nigh at a hotel in Chaung Tha. 8. They went for a swim, enjoyed delicious fresh seafood, had coconut milk at the beach. 9. They came back to Yangon in the evening. 10. The writer suggested us to make arrangements before we go somewhere.*

*Writing*

*A memorable holiday in my life*

*I had a memorable holiday in my life. That is making a trip to Bago with my family. We left Yangon for Bago at 6 o'clock. And we arrived there at 7 o'clock. We started the day at the Shwemawdaw Pagoda. It is the heart of Bago. We went to Hintha Gon Pagoda. It is situated on a hill behind Shwemawdaw Pagoda. Hintha Gon is another important Buddhist temple in Bago. We proceeded to Kanbawzathadi Palace and Museum. We could study various collections of Mon artifacts in the museum. And then we had lunch at a restaurant. We came back to Yangon. We arrived there at 3 o'clock. During our trip, we were happy and had a chance to study interesting things.*

* * * * * * * * * * * * * * * *

### Unit 10 Lesson 1: My favourite pastime

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. This song is popular among t______________.
2. We can borrow books from the school l___________.
3. M___________ gives pleasure to most people.
4. His a_____________ polished his shoes.
5. Do you want to be s______________ in life?
6. What is your f_____________ pastime?
7. Messi is the best f_____________ in the world.
8. The flight a_____________ welcomed us aboard.
9. Though he is over 80, he looks quite h_____________.
10. Anyone over eighteen years of age counts as a____________.
11. How many l____________ do you speak?
12. A d______________ is also called a tailor.
13. Mother is busy doing household c____________.
14. P____________ is the most widely used fossil fuel.
15. Meditation is good for our physical and mental h__________.

**II. Supply the correct form of the words given in brackets.**

1. (assist) She works as an ______________ teacher in this school.
2. (teen) As a _____________, I have a lot of things to do in my free time.
3. (music) How many ______________ instruments can you play?
4. (succeed) Finally, he achieved _____________.
5. (succeed) He became ____________ in life.
6. (football) He wants to be a _____________.
7. (health) To be ____________, we should diet.
8. (excite) I am ____________ to watch this film.
9. (luck) I was __________ to get this job.
10. (interest) I am _____________in arts.

**III. Complete the following sentences with the correct forms of the verbs given below. There are two extras.**

**assistant teenager adult meditate mental newspapers pastime**

1. What is your favourite ________________?
2. _______________ are eyes and ears of the country.
3. Children under 14 must be accompanied by an ____________.
4. She is _______________ to a professor.
5. I ____________ to relax.

**IV. Answer the questions.**

(1) How old is Min Min?
________________________________________.
(2) What does he do for his living? (or) What is he?
________________________________________.
(3) What does Min Min like doing as a teenager?
________________________________________.
(4) What is Min Min's favourite pastime?
________________________________________.
(5) What is Min Min's aim in life?
________________________________________.
(6) How old is Nan San?
________________________________________.
(7) What does Nan San do for her living? (or) What is she?
________________________________________.
(8) What does she love doing as a young adult?
________________________________________.
(9) What is Nan San's favourite pastime?
________________________________________.
(10)How many languages can Nan San speak?
________________________________________.
(11)What language is Nan San learning online now?
________________________________________.
(12)How old is Soe Soe?
________________________________________.
(13)What does Soe Soe do for her living?
________________________________________.
(14)What does Soe Soe love doing?
________________________________________.
(15)What does Soe Soe love doing besides making beautiful dresses?
________________________________________.
(16)How old is U Tin Tun?
________________________________________.
(17)What does U Tin Tun do for his living?
________________________________________.
(18)What does U Tin Tun love doing?
________________________________________.
(19)What is U Tin Tun also interested?
________________________________________.
(20)What makes U Tin Tun's physical and mental health good?
________________________________________.

**V. Translate the following sentences into English.**

1. ဒေါ်လေးက အင်္ကျီချုပ်ရတာ ကြိုက်နှစ်သက်တယ်။
________________________________________.
2. ညီမလေးက တံဆိပ်ခေါင်းတွေ စုဆောင်းရတာ နှစ်သက်တယ်။
________________________________________.
3. ကျွန်တော်က သတင်းစာ ဖတ်ရတာ နှစ်သက်တယ်။
________________________________________.
4. ကိုကြီးက သူ့သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းရတာ ကြိုက်တယ်။
________________________________________.
5. ခင်ခင်က ခြံဝန်းပုံရိုက်ရတာ ကြိုက်တယ်။
________________________________________.

* * * * * * * * * * * * * * * *

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# AHF Congress 2023 သို့ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ တက်ရောက်

ရန်ကုန် မတ် ၃၁

မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကိုရီးယားနိုင်ငံ Mungyeong မြို့၌ကျင်းပသော AHF Congress 2023 သို့ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လတ်တို့ တက်ရောက်ခဲ့သည်။

အဆိုပါကွန်ဂရက်သို့ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ Dato Tayyab Ikram၊ အာရှဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ Dato Fumio Ogura နှင့် အာရှဒေသတွင်းရှိ ၄၆ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကိုရီးယားနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။ ယင်းနောက် အာရှဟော်ကီအားကစား လုပ်ငန်းစဉ်အထူးအစီရင်ခံစာ (၂၀၁၉-၂၀၂၂) ကို AHF Executive Board အဖွဲ့က ရှင်းလင်းတင်ပြပြီး AHF Communication Report၊ AHF Finance Report ၊ AHF Education Report များကိုလည်း သက်ဆိုင်ရာကော်မတီများက တင်သွင်းခဲ့ကြသည်။

ထို့ပြင် ဟော်ကီအားကစားဖွံ့ဖြိုးတိုးတက်ရေး အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော နိုင်ငံများနှင့် ပုဂ္ဂိုလ်များကို သက်ဆိုင်ရာဆုတံဆိပ်များ ချီးမြှင့်ပေးခဲ့ပြီး AHF Executive Board Member အသစ်များ ရွေးကောက်တင်မြှောက်ကြသည်။ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်ကို Executive Board Member (4 Years Term) အဖြစ် ရွေးကောက်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှဟော်ကီ အဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် တရင်းတနှီးတွေ့ဆုံခဲ့ကြပြီး အမှတ်တရလက်ဆောင် ပေးအပ်ကာ မြန်မာ့ဟော်ကီ အားကစား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာရှဟော်ကီအဖွဲ့ချုပ်က ချီးမြှင့်သော Appreciation for Development Award ကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့က လက်ခံရယူခဲ့သည်။

ကိုညီလေး
ဓာတ်ပုံ-MHF





# ပါရီအိုလံပစ်ခြေစစ်ပွဲ အုပ်စု (ခ) တွင် မြန်မာနှင့် အီရန် နှစ်သင်းသာ ယှဉ်ပြိုင်ရမည်

ရန်ကုန် မတ် ၃၁

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲ အုပ်စု (ခ) တွင် ပါဝင်နေသည့်အသင်းများအနက် ဘင်္ဂလားဒေ့ရှ်နှင့် မော်လ်ဒိုက်အသင်း နုတ်ထွက်ခဲ့သဖြင့် မြန်မာနှင့် အီရန် နှစ်သင်းသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယခင်က မြန်မာ၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်နှင့် မော်လ်ဒိုက်တို့ လေးသင်းပါဝင်သော်လည်း ဘင်္ဂလားဒေ့ရှ်နှင့် မော်လ်ဒိုက်အသင်း နုတ်ထွက်သွားသဖြင့် နှစ်သင်းသာကျန်ရှိတော့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းနှင့် အီရန်အသင်းတို့၏ ပထမအကျော့ကို ဧပြီ ၅ ရက်၊ ဒုတိယ အကျော့ကို ဧပြီ ၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နှစ်ပွဲစလုံးကို ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အိုလံပစ် အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲကို အုပ်စု ခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဧပြီ ၁ ရက်မှ ၁၁ ရက်အတွင်း ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ တီမော၊ ဘူတန်၊ အုပ်စု (ခ) တွင် မြန်မာ၊ အီရန်၊ အုပ်စု (ဂ) တွင် ဗီယက်နမ်၊ နီပေါ၊ အုပ်စု (ဃ) တွင် ထိုင်း၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ အုပ်စု (င) တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်၊ ပါကစ္စတန်၊ အုပ်စု (စ)တွင် တရုတ်တိုင်ပေ၊ လက်ဘနွန်၊ အင်ဒိုနီးရှား၊ အုပ်စု (ဆ) တွင် အိန္ဒိယနှင့် ကာဂျစ္စတန်အသင်းတို့ ပါဝင်နေသည်။

ကိုညီလေး၊ ဓာတ်ပုံ-MFF

# လမ်းမတော်မြို့နယ်၌ နွေရာသီအခြေခံရိုးရာခြင်းလုံးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၃၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး (အနောက်ပိုင်းခရိုင်) အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်များနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံရိုးရာခြင်းလုံး သင်တန်းဆင်းပွဲကို လမ်းမတော်မြို့နယ် အ.လ.က(၁) ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်တို့က အမှာစကားများ ပြောကြားကြကာ နည်းပြချုပ် ဦးခင်မောင်ဝင်းက သင်တန်းဖွင့်လှစ်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အလိုက် သင်တန်းဆင်းလက်မှတ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြပြီး သင်တန်းသားများက ရိုးရာခြင်းလုံးစွမ်းရည်များ ခတ်ကစားပြသကြသည်။



အဆိုပါသင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး ပန်းဘဲတန်း၊ ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ ဗဟန်း၊ မရမ်းကုန်း၊ ကမာရွတ်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း၊ နွေရာသီအခြေခံရိုးရာခြင်းလုံးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သာမက မြစ်ကြီးနား၊ တောင်ကြီး၊ တောင်ငူ၊ မန္တလေး၊ မြစ်သား၊ ပြည် အစရှိသည့် မြို့နယ်များတွင်လည်း ဖွင့်လှစ်ခဲ့ကြောင်း၊ လာမည့် ဇွန်လတွင် ပညာရေးဒီဂရီကောလိပ်များ၌ အခြေခံခြင်းလုံး သင်တန်းများ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပြီးပါက အခြေခံပညာ ကျောင်းများတွင် ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

လင်းရာမ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၃၁

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်- ၇၁၊ မင်းရဲကျော်စွာ ၃ လမ်း၊ ၁/၃ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ဦးလှမြင့်၊ မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်)၀၈၆၃၂၅]၏သားဖြစ်သူ မောင်မြတ်သူ(ခ)ဘုန်းမြတ်သူ၊ မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်)၁၇၂၂၇၉]သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ တာဝန်မယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးလှမြင့်(ဖခင်)
[၁၂/လမန(နိုင်)၀၈၆၃၂၅]


### ❂ ကျောဖုံးမှ

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်ကြား ရဲရွာရေလှောင်တမံသွား ကားလမ်းဘေးတွင် ဖွင့်လှစ်ထားသည့် အဆိုပါဝါးနက်ဆင်စခန်းက ခရီးသွားပြည်သူများအတွက် သဘာဝတောတောင်ရှုခင်းအလှများနှင့် ဆင်စီးပြီး အပန်းဖြေနိုင်ရေးအတွက် ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း၊ သင်္ကြန်ပိတ်ရက်ရှည်ကာလတွင်လည်း လာရောက်လည်ပတ်ကြသည့် မိသားစုများ၊ အဖွဲ့လိုက်လာရောက်သူများအတွက် အေးချမ်းစွာနားနေနိုင်ရန် ဘန်ဂလိုတဲ ခုနစ်လုံးကိုလည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ဝါးနက်ဆင်စခန်း မိသားစုကလည်း လာရောက်အပန်းဖြေကြမည့် လူဦးရေ ၁၅၀/၂၀၀ တို့အတွက် ဖျော်ရည်မျိုးစုံစတုဒိသာကို နေ့စဉ်ဧည့်ခံပေးမည့်အပြင် ဆင်များ၏ နှာမောင်းများဖြင့် ရေပက်ဖျန်းကြိုဆိုခြင်း နှင့် သင်္ကြန်ရေ အနည်းငယ်ကစားနိုင်ရေးအတွက် သင်္ကြန်မဏ္ဍပ်ငယ်များ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါးနက်ဆင်စခန်းက ကိုဗစ်ကာလ ပိတ်ထားပြီးတဲ့နောက် ပြန်လည်စမ်းသပ်ဖွင့်ချိန်မှ ယနေ့အချိန်ထိ ဖွံ့ဖြိုးနေပါတယ်။ နေ့စဉ် လာရောက်အပန်းဖြေသူတွေနဲ့ လပြည့်နေ့တွေဆိုရင် အပန်းဖြေသူတွေနဲ့ စည်ကားနေပါတယ်။ သင်္ကြန်တွင်းပိတ်ရက်ရှည်ကာလမှာလည်း လာရောက်အပန်းဖြေကြတဲ့ မိသားစုတွေ အဖွဲ့လိုက် နားနားနေနေ နေနိုင်ဖို့အတွက် ပြင်ဆင်ထားပါတယ်။ ဘန်ဂလိုတဲလေးတွေ ခုနစ်လုံးရှိတယ်။ သူတို့ကိုလည်း အခင်းလေးတွေ ပြင်ဆင်နေပါပြီ။ သဘာဝ ကျွန်းစားပွဲတွေကိုလည်း ပြုပြင်ပြီးပါပြီ။ ကျောက်စားပွဲတွေ၊ သစ်သားခုံတန်းရှည်တွေလည်း ပြုလုပ်ပေးထားပါတယ်။ လူဦးရေ ၁၀၀ လောက် နားနားနေနေ အပန်းဖြေနိုင်အောင် စီစဉ်ထားပါတယ်။ ဆင်နဲ့ ဝန်ဆောင်မှုပေးတာတွေလည်းရှိတယ်။ ဆင်တွေရဲ့ သဘောသဘာဝတွေကို သိရှိစေဖို့ လေ့လာသူတွေအတွက် ဗီနိုင်းတွေ ချိတ်ဆွဲပြီးတော့ ရှင်းလင်းဆွေးနွေးပေးပါတယ်။ ဆင်စခန်းကို ကလေးတွေ စိတ်ဝင်စားတာပိုများတဲ့အတွက် ကလေးကစားကွင်းတွေလည်း လုပ်ပေးထားပါတယ်။ ဝန်ဆောင်မှုအပြည့်အဝ ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ၎င်းကပြောသည်။

ဝါးနက်ဆင်စခန်းတွင် ဆင်စီး၍ တောတောင်ရှုခင်းများ ကြည့်ရှုနိုင်ခြင်း၊ ဆင်များ၏ လိမ္မာမှုများ ပြသခြင်း စသည့်ဝန်ဆောင်မှုများပေးနေပြီး ဆင်စခန်းဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားသည်။ ဆင်စီးသည့်ဝန်ဆောင်မှုအတွက် ခရီးတိုလျှင် ငွေကျပ် ၃၀၀၀ နှင့် ခရီးရှည်လျှင် ငွေကျပ် ၅၀၀၀ ကျသင့်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ထ/၄၃)ရပ်ကွက်၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်(၉၄/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေဟုခေါ်တွင်သော အမည်ပေါက် ဦးသိန်းညွန့် (ဘ) (ဦးရွှေအောင်)အမည်ရှိ မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှတစ်ဆင့် အရောင်းအဝယ်အဆင့်ဆင့်စာချုပ်စာတမ်းများဖြင့် ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်သူ ဦးဝင်းမြင့် [၁၂/အစန(နိုင်)၀၀၈၈၇၉]မှ တရားဝင် ပိုင်ဆိုင်ထားပြီးဖြစ်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ အမှန်တကယ်မိမိမှ လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ ဝန်ခံပြောဆိုလျက်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား ဆက်လက်စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်ဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၆၁၈၀၅၄၆**

## ကန့်ကွက်နိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်-၁၂ ( ပြည်တော်သာမြောက်)၊ ဦးပိုင်အမှတ်-၆၅ ၊ ဧရိယာ (၀. ၈၉)ဧက အကျယ်အဝန်းရှိ မြေငှားဂရန်မြေကွက် နှင့်မြေပေါ်၌ ဆောက်လုပ်ထားသောအဆောက်အအုံများ အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်တကွ အဆိုပါမြေကွက်နှင့်တဆက်တစပ်တည်းတည်ရှိသော ဦးပိုင်အမှတ်-၃၂/၁၊ ဧရိယာ (၀. ၁၆) ဧက နှင့် ဦးပိုင်အမှတ်-၅၊ ဧရိယာ-(၀. ၃၅)ဧကရှိ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်မြေစာရင်းပုံစံ(၇)ရရှိထားသော လယ်မြေကွက် (၂) ကွက်နှင့် အဆိုပါလယ်မြေ (၂) ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးတိုးတိုး (၁၂/အစန (နိုင်) ၁၆၈၈၆၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်များအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး LL.B,LL.M.**

တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)

ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ I၊ မြေကွက်အမှတ်-၂၁၊ ဧရိယာ-၀.၀၅၇ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု (၁)လမ်း၊ အမှတ်-၂၁ ဟုခေါ်တွင်သည့် ရေ၊ မီးအစုံ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်မျိုးနိုင် (၉/မကန(နိုင်)၀၀၈၆၀၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး LL.B., LL.M.**

တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)

ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ သီရိမြိုင် (၁၀)လမ်း၊ အမှတ် - ၂၆၇ နေ ဒေါ်မျိုးသန္တာငြိမ်း (၁၂/လမန (နိုင်) ၁၃၀၃၀၈) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မဟာဆွေလမ်း၊ မဟာဆွေကွန်ဒို ၊ အခန်းအမှတ် (၁၀၉-အေ) (၁-လွှာ)၊ အကျယ် (၁၀၈၈) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအား အပြီးအပိုင်လွှဲပြောင်းရောင်းချရန်အတွက် (၂၉-၂-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ (၁၈-၃-၂၀၂၃) ရက်နေ့တို့တွင် စရံငွေတစ်ချို့အား ရယူပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူသူသို့ အရောင်းအဝယ်စရံပေးကတိစာချုပ်အတိုင်း မပျက်မကွက်ရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မျိုးသန္တာငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဦးထွန်းသန့်ဇင်အောင်<br>LL.B, WIPO, DLP (Switzerland)<br>တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)<br>ဖုန်း-၀၉ ၅၁၅၀၄၀၃ | ဦးသန်းလွင်ဦး<br>တရားလွှတ်တော်ရှေ့နေ<br>(စဉ်-၁၇၇၁၁) | ဒေါ်နှင်းဝတ်ရည်ထွန်း<br>အထက်တန်းရှေ့နေ<br>(စဉ်-၅၁၀၉၇) |

အမှတ်-၁၃၅ ၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– 6F(ကြို့ကုန်း)၊ မြေကွက်အမှတ်–၁၀–က/၁၁–ခ/၁၂–ခ၊ ကျမ်းစာသင်ကျောင်းလမ်း၊ (အလျား ၂၇ပေxအနံ၅၀ပေ)ရှိ Level–2၊ First Floor Room–B(ညာဘက်ခြမ်း)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၈–၆–၂၀၁၈) ရက်စွဲပါ ကွန်ဒိုတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်သဘောတူ ကတိစာချုပ်အရ မြေရှင်ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဒေါက်တာ ဒေါ်လှတင်ဦး[၁၂/သဃက(နိုင်)၁၅၉၀၅၈] နှင့် ဒေါ်သီဂီကျော်ဝင်း[၁၂/သဃက(နိုင်)၀၃၂၁၇၂] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)**<br>**(စဉ်–၅၃၃၆၉)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်မိုးမီမီခိုင်(LL.B)**<br>**(စဉ်–၅၃၄၉၁)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်–၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၅၆၇၇၆၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်(၅၃၆)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ပေ)ဟုခေါ်တွင်သော ဒေါ်ခင်စောမြင့် အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူလက်ဝယ်ထား ပိုင်ဆိုင်သူ ဦးလှထွန်း [၁၂/ဥကမ(နိုင်)၀၄၁၃၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းမင်းသိန်း [၅ / မရန(နိုင်)၁၂၇၂၃၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမင်းသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သန်းမြင့်မော် (LL.B, WIPO SWITZERLAND)**

**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၀၈၁)**

**အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၀၅၁၀၈၀၀၊ ၀၉–၆၇၃၉၅၈၉၈၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဉာဏ်လင်း [၁၂/သကတ(နိုင်)၁၉၂၂၂၈]၏ pass port (MD 223394) မှာ ပျောက်ဆုံးသွား၍တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–446599190**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးငြိမ်းပိုင် [၈/မသန(နိုင်)၁၂၀၇၁၅]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၈၈၃၆၀၄၅၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအုပ်စု(Lot အုပ်စု) (၃)ခုအား လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအုပ်စု | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | Lot-1 | ရုံးဒေါင့်နယ်မြေမီးသတ်စခန်းအဆောက်အဦ(သံကူကွန်ကရစ်)(၄၅'x၅၀'x၂၆')(ရေသန့်လျှပ်စစ်ပါ)၊ မြေထိန်းနံရံနှင့်သဲဖို့ခြင်း(၄၀၀၀၀) စတုရန်းပေx၂'-၀"၊အဝင်တံခါး(၁x၃၀') နှင့်ခြံစည်းရိုး ကာရံခြင်း(၇၇၀)ပေ၊ Box-Culvert(၁)စင်း(၃၆'x၄'x၄')၊ ကွန်ကရစ်လမ်းခင်းခြင်း(၅၀'x၂၅'x၉")၊ ကွန်ကရစ်ခင်းခြင်း(၅၃'x၂၀'x၉")၊ ပြင်ပရေ/မီး၊ Ground-Tank with Pump House နှင့် ပြင်ပလျှပ်စစ်။ |
| (ခ) | Lot-2 | ကြံခင်းမြို့နယ်မီးသတ်စခန်းအကြီးစားပြုပြင်ခြင်း(၄၅'x၅၀'x၂၆') |
| (ဂ) | Lot-3 | ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး တိုးချဲ့ခြင်း(၄၅'x၅၀'x၂၆') |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - ၁.၄.၂၀၂၃ ရက်(စနေနေ့) |
| (ခ) | တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများတင်သွင်းရမည့်နေရာ | - ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး |
| (ဂ) | တင်ဒါပုံစံနှင့်တင်ဒါအဆိုပြုလွှာများ နောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်အချိန် | - (၂၁.၄.၂၀၂၃)ရက်(သောကြာနေ့) (၁၆ ၃၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးဖုန်း ၀၄၂-၂၀၂၁၂၆၇၊ ၀၄၂-၂၀၂၁၁၂၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ (၈) ရပ်ကွက်၊ အမှတ်–၃၃၇(ခ)နေ ဒေါ်ကျန်သိန်း(ဘ) ဦးမောင်ဘဦး[၁၁/စတန(နိုင်)၀၁၈၃၁၄]က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၂၉၂၅/၂၀၂၃ ဖြင့် (၁၄–၂–၂၀၂၃) ရက်တွင် ဦးသန်းထိုက်(ဘ) ဦးစန်းလှိုင်[၉/မနမ(နိုင်)၀၄၁၁၅၃]အား လွှဲအပ်ထားသောအထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ပြန်လည် ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ**<br>**ဒေါ်ကျန်သိန်း**<br>**[၁၁/စတန(နိုင်)၀၁၈၃၁၄]** | **လွှဲအပ်ညွှန်ကြားချက်အရ–**<br>**ဒေါ်စုမြတ်စံ(LL.B)**<br>**အထက်တန်းရှေ့နေ(စဉ်–၅၄၆၃၉)**<br>**အမှတ်–၃၇၇၊ ဂေါ်သဇင်လမ်း၊**<br>**(၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**<br>**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၃၃၇၀၅** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၇၂၆)၊ မြေအကျယ်(၄၀ x ၆၀)ပေရှိသော ဦးဂန္ဓီ[၁၂/ဥကတ(နိုင်)၁၃၃၉၂၂]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၎င်းအမည်ပေါက်ထံမှ အဆင့်ဆင့်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးမြ[၈/နမန(နိုင်)၀၆၇၅၀၃]မှ လက်ရှိထား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းချပစ္စည်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်တင်ဌေး(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၁၈၂၂)**

**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၆၁၈၀၅၄၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၂)လမ်း၊ အမှတ်(၂၈၁)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိသော ဦးဟာမြင့် ဂရန်အမည်ပေါက်မြေကွက်နှင့်နေအိမ်အား ဒေါ်ရတနာစုထွေး [၁၂/ဥကမ(နိုင်)၂၇၃၆၉၆] ကိုင်ဆောင်သူနှင့် ဒေါ်မို့မို့မြင့်အောင် [၁၂/ဥကမ (နိုင်)၂၇၈၁၈၀] ကိုင်ဆောင်သူတို့ထံမှ ဒေါ်မြင့်မြင့်ဝင်း [၁၂/ဥကမ(နိုင်) ၁၁၇၈၅၃] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ သတ်မှတ်ရက်တွင် ကျန်ငွေပေးချေကာ အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်နေအိမ်အား အခြားသူများထံ ရောင်းချခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းကိစ္စများမပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့မည်ဆိုပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၄၄)**

**အမှတ်(၄၁၄)၊ ပုလဲ (၂)လမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း၊ ၀၉–၇၉၁၂၃၅၄၁၀၊ ၀၉–၉၇၄၆၀၀၈၉၉**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပု ဘုရားလမ်း၊ အမှတ်– ၁၈(ဘီ)ဟုခေါ်တွင်သည် အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)ရှိသော (၃လွှာ + ၄လွှာ)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်အိကေဇာ [၁၃/တကန(နိုင်)၁၃၉၈၃၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ်စရန်တန်ဖိုးငွေကို ပေးချေထား ပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိ သည်ဆိုပါက မည်သူမဆိုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါ ရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သီတာအုန်း**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၀၇)**

**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ–၁၊ မြေကွက်အမှတ် ၁၅၃/က+ခ၊ ဧရိယာ ၀.၀၅၅ဧက၊ မြေကွက်တည်နေရာအမှတ်–၁၅၃/က+ခ၊ စိန်ပန်းမြိုင်လမ်း၊ ၇ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးသန်းညွန့်[၁၂/လမန(နိုင်)၀၇၇၃၄၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသန်းညွန့်(ခင်ပွန်း)[၁၂/လမန (နိုင်)၀၇၇၃၄၄]သည် ၃–၁၂–၂၀၂၀ ရက်တွင်ကွယ်လွန်သွားပါသဖြင့် ဒေါ်မြစိန်[၁၂/လမန(နိုင်)၀၇၇၆၅၄]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားဇနီးမယားမရှိကြောင်း၊ ၎င်းသာလျှင် အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြားအမွေဆက်ခံသူမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်၏ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၅–ရပ်ကွက်၊ ရွှေသဇင်–၂ လမ်း၊ အမှတ်–၄၃၂(၄၀ပေ x ၆၀ပေ)အကျယ်အဝန်းရှိမြေကွက်မှာ ဦးတင်ရွှေ အမည်ပေါက် ပါမစ်မြေအမျိုးစား မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်မှ တရားဝင် ခွဲစိတ်မှု မပြုလုပ်ရသေးသည့်(၂၀x၆၀)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးအားပိုင်ဆိုင်သူဟု အဆိုပြုသူဦးတင်ခိုင် [၁၂/တမန (နိုင်)၀၆၀၅၂၅] ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသန်းထူးဇော်၊ [၉/တကန(နိုင်) ၁၀၁၈၃၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထား မူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့် အညီဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စုမြတ်လွင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၅၁၉/၂၀၂၁)**

**တိုက်–၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၆၅၇၈၄၆၈၈**

## ကြော်ငြာစာ

## [အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃]

## အလုံခရိုင်တရားရုံး

## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၁၄

**ကွယ်လွန်သူ ဒေါ်စိန်မြိုင်၏ ကျန်ရှိသောပစ္စည်းများနှင့် စပ်လျဉ်းသောအမှု**

**ဒေါ်မြမြသန်း** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း မြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ် (၈၂)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်စိန်မြိုင်၏ ကျန်ရစ်သောပစ္စည်းအပေါ် အမွေထိန်း လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်မြမြသန်း က အမွေဆက်ခံခြင်း အက်ဥပဒေအရလျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း၂ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်စိန်မြိုင်၏ ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူ တို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း၊ ၂ ရက်) နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော် ကလျှောက်ထားသူ ဒေါ်မြမြသန်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက် ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ဝေထွန်း)**

**ဒုတိယခရိုင်တရားသူကြီး (၃)**

**အလုံခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက် ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)အား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**❖ ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## သင်္ကြန်ပိတ်ရက်ရှည်ကာလအတွင်း ဝါးနက်ဆင်စခန်းသို့ လာရောက်အပန်းဖြေကြမည့် ပြည်သူများအတွက် ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထား

မန္တလေး မတ် ၃၁

မန္တလေးတိုင်းဒေသကြီးတွင် ဆင်များနှင့် ဝန်ဆောင်မှုပေးသော ဝါးနက်ဆင်စခန်းသို့ သင်္ကြန်ပိတ်ရက်ရှည်ကာလအတွင်း လာရောက် အပန်းဖြေကြမည့် ပြည်သူများအတွက် ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ဝါးနက်ဆင်စခန်း တာဝန်ခံက ပြောသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မတ် ၃၁

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည် ဖြစ်ပါသည်။

ဧပြီ ၉၊ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့်ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာ တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသား ဘာသာအချပ်ပိုကို ဧပြီ ၉ ရက်နေ့နှင့် ၁၆ ရက်နေ့တို့ တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည် ဖြစ်ပြီး ဧပြီ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

**ယနေ့ ဖတ်စရာ**

**ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေး ကုန်သွယ်ရေးအစုအဖွဲ့သို့ ဗြိတိန်နိုင်ငံ ဝင်ရောက်ရန် သဘောတူညီ**

စာမျက်နှာ » ၁၃

**နွားထိုးကြီး-မြင်းခြံသွား ကားလမ်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၄